ကြေးမုံ
The Mirror
၁၃၆၅ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ရက်၊ စနေနေ့၊ (9-8-2003) (၃၉၅၇)

ပူဇာစ ပူဇနေယျာနံ
တေံ မင်္ဂလ မုတ္တမံ။

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ယနေ့ထုတ် စောင်ရေ

၂၁၁၀၈၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ ဩစတြေးလျ မနေသဟာယနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန်　ဩဂုတ်　၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျ မနေသဟာယနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူပြီးဖြစ်သော မစ္စတာ ပေါလ္ဂျန်ဂရစ်ဆန်သည် ယနေ့နံနက် ၁၀နာရီတွင် ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျ မနေသဟာယ နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူပြီးဖြစ်သော မစ္စတာပေါလ္ဂျန်ဂရစ်ဆန်က ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်တွင် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

ရွှေလီရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေး ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် အတွင်းရှိ ရွှေလီမြစ်ပေါ်တွင် အကောင်အထည်ဖော် တည်ဆောက်မည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery and Equipment Import & Export Corporation (YMEC) တို့ တည်ဆောက်ရေး ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေး လုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပသည်။

တက်ရောက်

စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်အေးဘယ်လ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးမှ **စာမျက်နှာ ၂ ကော်လံ ၁ သို့** ▲



ခေတ်မီ နိုင်ငံတော်တည်ဆောက်ရေး လျှပ်စစ်လိုအပ်ချက် ဖြည့်ဆည်းမည့် ရွှေလီ ရေအားလျှပ်စစ်စီမံကိန်း

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း – ခရမ်းစိုးမြင့်

ရန်ကုန်　ဩဂုတ်　၈

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးအတွက် စီးပွားရေး၊ ကုန်ထုတ်လုပ်မှုနှင့် လူမှုရေးကဏ္ဍများတွင် အဓိကလိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အားကို စဉ်ဆက်မပြတ် တိုးတက်ဖြန့်ဖြူးပေးနိုင်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ချက် ချမှတ်ပေးထားရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ယင်းလမ်းညွှန်ချက်ကို မူဝါဒအဖြစ် ခံယူဆောင်ရွက်လျက်ရှိပေသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery and Equipment Import & Export Corporation (YMEC) တို့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ✻

ရွှေလီရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရာတွင် ရေအားကို မြစ်အတွင်းမှ ကွန်ကရစ်တမံပိတ်၍ ယူရမည်ဖြစ်သည်။ ဓါပုံတွင် အဓိက တမံပိတ်ရမည့် မာန်တက်ကျေးရွာအနီးမှ ရွှေလီမြစ်ကျဉ်းနေရာကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း–ခရမ်းစိုးမြင့်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကြေးမုံ The Mirror

အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင် စိတ်ဓာတ်နှင့်စာရိတ္တ မြင့်မားအောင်ဆောင်ရွက်

၉-၈-၂၀၀၃ (စနေနေ့)

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီ၍ ယဉ်ကျေးမှုဖြစ်တည်ထွန်းကားလာသော နိုင်ငံဖြစ်သည်။ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မှု၊ ရိုးရာယဉ်ကျေးမှု ပွားစီးစည်ပင်စေရန် မြှင့်တင်နိုင်မှုတို့တွင် အစဉ်အလာကောင်းများရှိခဲ့သည်။

မြန်မာနိုင်ငံကို အမျိုးသားယဉ်ကျေးမှု ဓလေ့စရိုက် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော နိုင်ငံအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုထားကြသည်။ မြန်မာနိုင်ငံသားများသည် ယဉ်ကျေးသောနိုင်ငံ၊ သိမ်မွေ့သော လူမျိုးများပီပီ မိမိနိုင်ငံ၏ ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားတတ်ကြရမည်ဖြစ်သည်။ မိမိတို့လူမျိုး၏ အမျိုးသားရေးဂုဏ်ဒြပ်ကို ထာဝရ ထိန်းသိမ်းမြှင့်တင်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတကာ၌ သိပ္ပံနှင့်နည်းပညာများ၊ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာရပ်များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုများ ဖြစ်ထွန်းလျက်ရှိသည်။ ယင်းသို့ကမ္ဘာ့နိုင်ငံများ ဆက်စပ်ယှက်နွယ် ပြောင်းလဲလာမှုနှင့်အတူ ကမ္ဘာ့နိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် နိုင်ငံရေးကွန်ရက် ဖြန့်ကြက်နိုင်ရန် နည်းမျိုးစုံဖြင့်ကြိုးပမ်းလျက်ရှိကြသည်။

အဆိုပါနိုင်ငံကြီးများသည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူငယ်များအပေါ် ယဉ်ကျေးမှုလွှမ်းမိုးသည့်နည်းဖြင့် ထိုးဖောက်လာလျက်ရှိသည်။ ယင်းနိုင်ငံကြီးများ၏ တေးဂီတ၊အဆို၊အကများနှင့် လူနေမှုဓလေ့စရိုက်၊ အတွေးအခေါ်၊ အယူအဆများကို သွတ်သွင်းလာလေ့ရှိကြောင်း တွေ့မြင်နေရသည်။

နိုင်ငံသူ၊ နိုင်ငံသားများ အထူးသဖြင့် လူငယ်လူရွယ်များအနေဖြင့် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့လူမှု ပတ်ဝန်းကျင် ဓလေ့စရိုက်နှင့် မကိုက်ညီသည့် တိုင်းတစ်ပါးယဉ်ကျေးမှုများကို အထင်ကြီး အတုယူမမှားမိစေရန် သတိပြုကြရမည်ဖြစ်သည်။ တိုင်းတစ်ပါး ယဉ်ကျေးမှုဓလေ့စရိုက်အမှုအကျင့်များ မိမိတို့လူငယ်ထုအတွင်း စိမ့်ဝင်ပျံ့နှံ့မှုမရှိစေရေး ကာကွယ်တားဆီးကြရန် လိုအပ်ပေသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာ ထာဝရမြင့်မားနေစေရန် အမျိုးသား ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးလျက်ရှိသည်။ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေးအစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ မျိုးဆက်သစ် လူငယ်၊ လူရွယ်များအား စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း ဖြစ်ထွန်းလာစေရန် ကြိုးပမ်းလျက်ရှိသည်။

သို့သော်လည်း ပြည်ပကို အားကျမျှော်ကိုးပြီး အနောက်နိုင်ငံကြီးများ၏ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် လူမှုတန်ဖိုးများကို မြတ်နိုးကာ အနောက်တိုင်းအစဉ်အလာအတိုင်း လိုက်ပါကျင့်ကြံ လုပ်ဆောင်နေကြသည့်အစိတ်အပိုင်းများလည်း ရှိနေသည်ကို တွေ့ရသည်။ မသမာသူများကလည်း ယင်းအစိတ်အပိုင်းများကို ဖြားယောင်းသွေးဆောင်မှု၊ လှည့်ဖြားသိမ်းသွင်းမှု နည်းလမ်းအဖုံဖုံဖြင့် ပုံသွင်းနေကြသည်များရှိသည်။

မြန်မာအမျိုးသမီးငယ်များ၏ ဟီရိသြတ္တပ္ပတရားနှင့် ကာယိန္ဒြေတို့ကို အရင်းပြုကာစီးပွားရှာနေကြသူများလည်းရှိနေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရပိုင်းက ဥပဒေအကြောင်းအရ၊ လူမှုရေးအရ တားဆီးနှိမ်နင်းမှုများ ဆောင်ရွက်နေသကဲ့သို့ ပြည်သူအများကလည်း ပူးပေါင်းပါဝင်၍ မသမာသူများ၏လုပ်ရပ်ကို ဝိုင်းဝန်းတားဆီး ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသားများက နိုင်ငံနှင့်လူမျိုးဂုဏ် အစဉ်ထာဝရမြင့်မားနေစေရေးအတွက် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင် စောင့်ရှောက်ကြရန်နှင့် တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားစေရေး ဂုဏ်ဒြပ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အလေးထား ထိန်းသိမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ရွှေလီရေအားလျှပ်စစ် စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery and Equipment Import & Export Corporation (YMEC)**တို့ ကန်ထရိုက် စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

▲ ရွှေလီရေအားမှ

တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူး Mr. Shao Qiwei နှင့် ယူနန်ပြည်နယ်မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ YMEC ကုမ္ပဏီ ဥက္ကဋ္ဌ Mr. Feng Ke နှင့် တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လက်တွဲဆောင်ရွက်ခဲ့

ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အမှာစကား ပြောကြားရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့သည် ရှေးနှစ်ပေါင်းများစွာကပင် စဉ်ဆက်မပြတ် ချစ်ကြည်ရင်းနှီးခဲ့ကြသည့် အိမ်နီးချင်းကောင်း ဆွေမျိုးပေါက်ဖော်များ ဖြစ်ကြသကဲ့သို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းနှင့် YMEC ကုမ္ပဏီတို့ သည်လည်း ကျိန်ခရမ်ခ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေး စီမံကိန်း စတင်သည့် ၁၉၉၁ခုနှစ်ကစပြီး အတူတကွ လက်တွဲဆောင်ရွက်ခဲ့ကြသော မိတ်ဆွေများ ဖြစ်ကြကြောင်း။

YMEC ကုမ္ပဏီသည် နမ့်မျှော်၊ နမ့်ဝုတ်၊ ဇော်ဂျီ(၁)၊ ဇောင်းတူစသည့် ဓာတ်အားပေးစက်ရုံများ အပါအဝင် အလတ်စားနှင့် အသေးစားဓာတ်အားပေးစက်ရုံပေါင်း ၁၅ခု၌ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ စီမံကိန်းများ၏ အောင်မြင်မှုများကို အခြေခံပြီး စက်တပ်ဆင်အား မဂ္ဂါဝပ် ၂၈၀ ရှိသည့် ပေါင်းလောင်း ရေအား လျှပ်စစ်စက်ရုံ တည်ဆောက်ရေး စီမံကိန်း၌လည်း လက်ရှိ ဆောင်ရွက်နေသည့် ကုမ္ပဏီဖြစ်ကြောင်း။

မူဝါဒအဖြစ်ခံယူ

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ၌ စီးပွားရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် လူမှုရေးကဏ္ဍစသည့် ကဏ္ဍများအတွက် အလိုအပ်ဆုံးဖြစ်သည့် လျှပ်စစ်ဓာတ်အားကို စဉ်ဆက်မပြတ် တိုးတက်ထုတ်လုပ် ဖြန့်ဖြူးနိုင်ရန်အတွက် နိုင်ငံတော် အကြီးအကဲ လမ်းညွှန်ချမှတ်ပေးထားသည့် ရည်မှန်းချက်နှင့် တာဝန်များကို ဝန်ကြီးဌာနအနေဖြင့် မူဝါဒများအဖြစ် ခံယူဆောင်ရွက်လျက်ရှိကြောင်း။

ရွှေလီရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှု မှတ်တိုင်နှင့် ချစ်ကြည်ရေးအထိမ်းအမှတ် ကျောက်တိုင်အဖြစ် ထာဝစဉ် တည်ရှိနေမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူး Mr. Shao Qiwei က အမှာစကားပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် YMEC ကုမ္ပဏီဥက္ကဋ္ဌ Mr. Feng Ke တို့သည် ကန်ထရိုက် စာချုပ်ကို လက်မှတ်ရေးထိုး လဲလှယ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေလီ ရေအားလျှပ်စစ်စီမံကိန်း၏ အကြိုအင်ဂျင်နီယာ လုပ်ငန်းများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၅မိုင်ခန့်အကွာ ရွှေလီမြစ်ပေါ်၌ စတင် အကောင် အထည်ဖော်လျက်ရှိသည်။ ရွှေလီရေအားလျှပ်စစ်စီမံကိန်းမှာမဂ္ဂါဝပ် ၄၀၀ တပ်ဆင် စက်အင်အားရှိ၍ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ယူနစ်သန်းပေါင်း ၃၀၄၂ ထုတ်လုပ်ဖြန့်ဖြူးနိုင်မည့် စီမံကိန်းဖြစ်သည်။

ယခုချုပ်ဆိုသော တည်ဆောက်ရေး ကန်ထရိုက် စာချုပ်မှာ ရွှေလီရေအားလျှပ်စစ်စီမံကိန်း၏ အဓိက လုပ်ငန်းများဖြစ်သော ကွန်ကရစ်ရေလွှဲဆည် တည်ဆောက်ခြင်း၊ မြေအောက်ရေသွယ်ဥမင်လိုဏ် တည်ဆောက်ခြင်း၊ ဖိအားမြှင့်သံမဏိပိုက်လိုင်းတည်ဆောက်ခြင်း၊ စက်ရုံအတွက် လိုအပ်သော တာဘိုင်ဂျင်နရေတာ ထရန်စဖော်မာများစသည့်လျှပ်စစ်ပစ္စည်းများ ပေးသွင်းတပ်ဆင်ခြင်း စသည့် လုပ်ငန်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC CO., မှ ကျွမ်းကျင်သူများက တည်ဆောက်ရေး ယန္တရားများ၊ စက်ပစ္စည်းကိရိယာများ အသုံးပြု၍ သုံးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ စာချုပ်တန်ဖိုးမှာ အမေရိကန် ဒေါ်လာသန်း ၁၅၀ဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအလိုက် လက်ငင်း ငွေချေစနစ်ဖြင့် ပေးချေမည်ဖြစ်သည်။

ကျန်ရှိသော မြစ်ရေလွှဲဥမင်လိုဏ်တူးဖော်တည်ဆောက်ခြင်း၊ ဓာတ်အားပေးစက်ရုံအဆောက်အအုံနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ရေအားလျှပ်စစ်ဦးစီးဌာနကအမေရိကန်ဒေါ်လာ ၂၆သန်းဖိုးခန့် အကုန်အကျခံ တာဝန်ယူပူးပေါင်းဆောင်ရွက်သွားမည့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေခံဖြင့် တည်ဆောက်သွားမည့် စီမံကိန်းဖြစ်သည်။

ရွှေလီရေအားလျှပ်စစ်စက်ရုံမှလျှပ်စစ်ဓာတ်အားများကို ရွှေလီမှ နမ္မတူ၊ သီပေါ၊ ကျောက်မဲ၊ ပြင်ဦးလွင်မြို့များကို ဖြတ်သန်းလျက် မန္တလေးသို့ ကေဗွီ ၂၃၀ နှစ်ထပ်လိုင်း ၂၁၇မိုင်တည်ဆောက်၍ လက်ရှိ မဟာဓာတ်အားလိုင်းစနစ်မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမည် ဖြစ်သည့်အပြင် နမ္မတူ၊ သီပေါ၊ ကျောက်မဲ၊ လားရှိုးမြို့များသို့ ၆၆ကေဗွီ ဓာတ်အားလိုင်းဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်နှင့် ကချင်ပြည်နယ် ဗန်းမော်မြို့များသို့ ၆၆ ကေဗွီ သီးခြားဓာတ်အားလိုင်းဖြင့် လည်းကောင်း ဓာတ်အားများဖြန့်ဖြူးသွားနိုင်မည်ဖြစ်သည်။

ရွှေလီ ရေအားလျှပ်စစ်စီမံကိန်း၏ အကျိုးပြုမှုကြောင့် မန္တလေးမြို့ ဝန်းကျင်ရှိ စက်မှုလုပ်ငန်းများ၊ မုံရွာမြို့ဝန်းကျင်ရှိ စက်မှုလုပ်ငန်းများနှင့် ကြေးနီသတ္တုလုပ်ငန်းများမှာ လျှပ်စစ်ဓာတ်အား ပိုမိုတိုးချဲ့ရရှိမည့်အပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လားရှိုး၊ နမ္မတူ၊ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ သီပေါ၊ ကျောက်မဲစသည့် မြို့ရွာများနှင့် ကချင်ပြည်နယ် ဗန်းမော်ဒေသသည်လည်း ဓာတ်အားပိုမို တိုးချဲ့ရရှိမည်ဖြစ်သည်။

ယခုအခါ ရွှေလီရေအားလျှပ်စစ်စီမံကိန်းအတွက် လိုအပ်သော အသေးစိတ်ဒီဇိုင်းပုံစံများရေးဆွဲပြီးစီးပြီး စီမံကိန်းသို့သွားရောက်မည့် ချဉ်းကပ်လမ်းအပါအဝင် စီမံကိန်းအကြိုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့နယ် ရွှေလီရေအားလျှပ်စစ် စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ရေးအတွက် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် YMEC **ကုမ္ပဏီ ဥက္ကဋ္ဌ** Mr. Feng Ke **တို့ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးလဲလှယ်ကြစဉ်။**
(သတင်းစဉ်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ လမ်းမတစ်ခုပေါ်တွင် အမေရိကန်တပ်သားတစ်ဦး ဟမ်းဗီး စစ်ကားပေါ်မှ ကင်းလှည့်စောင့်ကြပ်နေစဉ်။ (အီရတ်နိုင်ငံတွင် အဓိက စစ်ဆင်ရေးများ ပြီးဆုံးသွားပြီဟု အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ် ကြေညာခဲ့ပြီးနောက် ရက်ပေါင်း ၁၀၀ ကြာသည့်အခါ အမေရိကန် တပ်သား ၅၀ ကျော် သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိ အမေရိကန်တပ်သားများ အန္တရာယ်အသစ်များနှင့် ရင်ဆိုင်နေရ ပြောက်ကျားစစ်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင်များ သားကောင်ကဲ့သို့ ဖြစ်နေ

ဝါရှင်တန် ဩဂုတ် ၇

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များသည် ဆက်ဒမ်ဟူစိန်အား ပိတ်ဆို့ဖမ်းဆီးရန် လုံးပန်းလျက်ရှိကြသည်။ တစ်ချိန်တည်းမှာပင် ဘာ့သ်ပါတီဝင်ဟောင်းများကို အမေရိကန်တို့က ပိုမိုဖမ်းဆီးလျက်ရှိကြသည်။

ထိုအတောအတွင်းတွင် အမေရိကန်အစိုးရသည် ဝါရှင်တန်၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်၏ အနာဂတ်အရေးကိစ္စကို ပြောဆိုနေကြသည်။ အီရတ်ရှိ အမေရိကန်တပ်များသည်လည်း အန္တရာယ်အသစ်များနှင့် ရင်ဆိုင်နေရသည်ဟု ဆိုသည်။

ဆက်ဒမ်ကို ရှာဖွေနေကြရာ အမေရိကန်စစ်သားများသည် မုဆိုးများဖြစ်နေကြသော်လည်း ပြောက်ကျားစစ်ကို ရင်ဆိုင်ရာ၌ အမေရိကန်တပ်ဖွဲ့များမှာ သားကောင်ကဲ့သို့ အနေအထားကို ရောက်လျက်ရှိသည်။ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရဲအဖွဲ့ဝင်များသည် ၎င်းတို့၏ ရဲစခန်းကို ဒုံးကန်အားသုံး လက်ပစ်ဗုံးနှင့် အတိုက်ခိုက်ခံရပြီးနောက် စခန်းကို စွန့်ခွာခဲ့ကြသည်ဟုဆိုသည်။

ဖြိုဖျက်ပစ်

အီရတ်တွင် အမေရိကန်ယာဉ်တန်းများအား မကြာခဏ ချုံခိုအတိုက်အခိုက်ခံရသောကိစ္စသည် ပုံမှန်ကိစ္စကဲ့သို့ဖြစ်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် ပြောက်ကျားများအားရှင်းလင်းရေးစစ်ပွဲများသည် ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး ၎င်းတို့ ခိုအောင်းနေသောနေရာဟု ယူဆရသောနေရာများကို ဖြိုဖျက်ပစ်လိုက်ကြသည်ဟု ဆိုသည်။

ရှာဖွေလျက်ရှိ

စစ်ပွဲအတွင်းက ဆက်ဒမ်ဟူစိန်သည် ယင်း၏ လေတပ်ကို ချေမှုန်းခံရမည့်ဘေးမှ ကင်းလွတ်စေရန် သဲကန္တာရအတွင်း၌ ဝှက်ထားခဲ့သည်။ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များသည် ဆက်ဒမ်၏ အစိုးရလက်ဝယ်တွင် ရှိသည်ဟုဆိုသော လူအမြောက်အမြား သေစေသည့် လက်နက်များကို ရှာဖွေလျက်ရှိစဉ် အီရတ်တို့ဝှက်ထားခဲ့သော ဂျက်တိုက်လေယာဉ်များကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်သည် လာမည့်ရွေးကောက်ပွဲပြီးလျှင် ၎င်း ရာထူးမှ နုတ်ထွက်တော့မည်ဟု သတင်းများ ထွက်ပေါ်နေသည်။သို့သော် ထိုသတင်းမှာ မဟုတ်မမှန်ကြောင်း ကောလင်းပါဝဲလ်က ဩဂုတ် ၆ရက်က ငြင်းဆိုခဲ့သည်။ ***အင်တာနက်။***

မိုဆူးလ်မြို့တွင် အမေရိကန်စစ်သားတစ်ဦး အိမ်ခေါင်မိုးပေါ်မှကျသေဆုံး

မိုဆူးလ် ဩဂုတ် ၈

အီရတ်နိုင်ငံ၏ မြောက်ပိုင်းမြို့တော် မိုဆူးလ်တွင် အမေရိကန်စစ်သားတစ်ဦးသည် အိမ်ခေါင်မိုးပေါ်မှ ပြုတ်ကျပြီး သေဆုံးသွားကြောင်း စစ်ဘက်ဆိုင်ရာများက ဆိုသည်။

ဩဂုတ် ၅ ရက် ည ၇ နာရီခွဲခန့်တွင် အမှတ်(၁၀၁) လေကြောင်းချီတပ်မမှ စစ်သားတစ်ဦးသည် အိမ်ခေါင်မိုးပေါ်မှ ပြုတ်ကျသွားခဲ့သည်။ ၎င်းအား အမှတ် (၂၃)တိုက်ခိုက်ရေးအထောက်အကူပြု ဆေးရုံသို့သယ်ယူသွားရာ ညပိုင်း ၈ နာရီ ၁၅မိနစ်ခန့်တွင် သေဆုံးသွားသည်ဟု ဘဂ္ဂဒက်တွင်ထုတ်ပြန်သောစစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

အင်တာနက်။

ဘဂ္ဂဒက်မြို့၌ မတော်တဆ ပေါက်ကွဲမှုဖြစ်ပွား အီရတ်နိုင်ငံသား အလုပ်သမားတစ်ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၇

စစ်ပြီးကာလ အီရတ်နိုင်ငံတွင် အမေရိကန်ဆန့်ကျင်ရေး ပေါက်ကွဲမှုများ နေရာအနှံ့အပြား၌ ဖြစ်ပွားနေရာ ဗုဒ္ဓဟူးနေ့နံနက်က ဘဂ္ဂဒက်မြို့တွင် မတော်တဆ ပေါက်ကွဲမှု ဖြစ်ပွားသောကြောင့် အီရတ်အရပ်သားတစ်ဦး သေဆုံးခဲ့သည်။

ဘဂ္ဂဒက်မြို့ဘက်အယ်မူဇမ်ဒေသရှိ ဓာတုပစ္စည်းရောင်းချသည့် ဆိုင်တစ်ဆိုင်၌ လုပ်ဖော်ကိုင်ဖက်အလုပ်သမားများက အန္တရာယ်ရှိသည့်ပစ္စည်းများကို မတော်တဆမှားယွင်းပြီး မီးရှို့ခဲ့သည့်အတွက် ဇီအတ်မိုဟာမက်အမည်ရှိ အီရတ်အလုပ်သမားတစ်ဦးမှာ မီးလောင်သေဆုံးခဲ့ရသည်။

ယင်းမတော်တဆမှုကြောင့် အခြားအလုပ်သမားအချို့လည်း ဒဏ်ရာရရှိခဲ့သည်။ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်အတွက် အမေရိကန်တပ်သားများကအဆိုပါဈေးဆိုင်တစ်ဝိုက်၌ ပိတ်ဆို့ခဲ့ကြသည်။

အီရတ်နိုင်ငံတွင် ကြီးမားသည့်ပေါက်ကွဲမှုများ ဖြစ်လေ့ဖြစ်ထရှိရာ ယင်းပေါက်ကွဲမှုများမှာ ဆက်ဒမ်ဟူစိန်လက်ထက်မှ အကြွင်းအကျန်များနှင့် အမေရိကန်တပ်သားများအား ပြောက်ကျားစစ်ပွဲပုံစံဖြင့် စစ်ဆင်တိုက်ခိုက်သည့် နိုင်ငံခြားတိုင်းပြည်များမှ အကြမ်းဖက်သမားများ၏ လက်ချက်ဖြစ်သည်ဟု အမေရိကန်တာဝန်ရှိ ပုဂ္ဂိုလ်များက ယူဆကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ ပရိယာယ်ဝေဝုစ် များပြား ဗြိတိန်ပြည်သူတို့၏ ယုံကြည်ကိုးစားခံရမှု ထိုးကျ

လန်ဒန် ဩဂုတ် ၇

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲမှာ စကားပြောဆိုရာ၌ ပရိယာယ်ဝေဝုစ်များ ဝါသနာထုံနေသည်ဟု ဝေဖန်ဆန်းစစ်သူများက ၎င်းအား စွပ်စွဲပြောဆိုထားကြသည်။ သို့သော် သေဆုံးသူသိပ္ပံပညာရှင်တစ်ဦး၏ စွပ်စွဲပြောဆိုချက်ကြောင့် သူ့အစိုးရအဖွဲ့မှာ ယခင်ကနှင့် မကြုံဖူးအောင် အမှုပတ်၍နေရကြောင်း ရိုက်တာကဖော်ပြထားသည်။

ထိုးကျသွား

ဝန်ကြီးချုပ်တိုနီဘလဲ၏ ဂုဏ်သတင်းမှာ ပထမတွင် သတင်းခေါင်းစဉ်တွင် ပါဝင်သည်။ စစ်ဆင်ရန် သူပေးသော ဆင်ခြေဖြစ်သည့် အစုအပြုံလိုက် သေစေနိုင်သောလက်နက်များ အီရတ်၌ ရှာမတွေ့မှုကြောင့် သူ့အပေါ် ပြည်သူတို့၏ ယုံကြည်ကိုးစားခံရမှုအဆင့်မှာ ထိုးကျသွားရသည်။

မယုံကြည်တော့

သတင်းမီဒီယာကိုင်တွယ်ဖန်တီးမှုကြောင့် ဝန်ကြီးချုပ်တိုနီဘလဲအား မည်သူမျှ မယုံကြည်တော့သည့် အခြေသို့ ဆိုက်ရောက်သွားရကြောင်းဖြင့် ဝေဖန်ဆန်းစစ်သူများက ပြောဆိုသည်။

အီရတ်၏ လက်နက်ခြိမ်းခြောက်မှုကို ဝန်ကြီးချုပ်တိုနီဘလဲ လှည့်ဖြားသည့်သတင်းအတွက် သတင်းပေါက်ကြားသူအဖြစ် ရောက်ရှိပြီးနောက် သူ့ကိုယ်သူ သတ်သေသွားသော အစိုးရသိပ္ပံပညာရှင် ဒေးဗစ်ကယ်လီနှင့် ဝတ္ထုရေးဆရာ ဝေါလတာမစ်တီတို့ကို သူနှိုင်းယှဉ်ကြည့်မိကြောင်း ဝန်ကြီးချုပ်တိုနီဘလဲ၏ ပြောရေးဆိုခွင့်ရှိသူက ဝန်ခံလိုက်သည်။

ပြောင်းလဲပစ်

ဗြိတိန်နိုင်ငံတစ်ဝန်းမှ နိုင်ငံရေးသမားများက သူတို့တစ်တွေနှင့် မီဒီယာသမားများ၏ ဆက်ဆံရေးကို ပြောင်းလဲပစ်ရမည်ဟု ပြောဆိုလာကြသည်။

ဖန်တီးဖို့လိုအပ်

ပရိယာယ်ဝေဝုစ်နှင့် အလွတ်သဘော မှာကြားပြောဆိုသည့် အချိန်ကာလတစ်ခုလုံးကို ဖျောက်ပစ်ဖို့ အချိန်ကျရောက်လာပြီဖြစ်ကြောင်း၊ နိုင်ငံရေးစနစ်အပေါ် ပြည်သူ့ယုံကြည်မှု ပြန်ရလိုလျှင် ရှင်းလင်းပြတ်သားမှု၊ ပရိယာယ်ကင်း၍ ပွင့်လင်းမှုရှိသည့် ပတ်ဝန်းကျင်အခြေအနေသစ်တစ်ရပ်ကို မိမိတို့ ဖန်တီးဖို့လိုအပ်ကြောင်း အတိုက်အခံလစ်ဘရယ်ဒီမိုကရက်ပါတီမှ မင်ဇီကမ်ဘဲလ်က ပြောကြားလိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

အင်ဒီရော့ဒ်ဒစ်၏ ခုန်ပျံ ရိုက်ဟန်

ဩဂုတ် ၆ ရက်က ကျင်းပသည့် ကနေဒါနိုင်ငံ မာစတာတင်းနစ်ပြိုင်ပွဲတွင် အမေရိကန်နိုင်ငံမှ အင်ဒီရော့ဒ်ဒစ်၏ ခုန်ပျံ ရိုက်ဟန်။

(ဓာတ်ပုံ-အင်တာနက်)

ပေါ်တူဂီတောမီး သေဆုံးသူ ၁၄ ဦးရှိ

လစ္စဘွန်း ဩဂုတ် ၇

ပေါ်တူဂီနိုင်ငံတွင် လောင်ကျွမ်းနေသည့် တောမီးကိုငြိမ်းသတ်ရန် ကြိုးပမ်းနေသည့် မီးသတ်သမားများက မီးလောင်မှုအခြေအနေမှာ ပိုမိုဆိုးရွားလာနေကြောင်း ပြောကြားလိုက်သည်။ မီးလောင်မှုကြောင့် သေဆုံးသူ ၁၄ ဦး ရှိသွားပြီဖြစ်ပြီး မီးအကြီးအကျယ် လောင်ကျွမ်းမှု ငါးခုဖြစ်ပွားနေသည်။

စွန့်ခွာထွက်ပြေး

အီတလီနိုင်ငံ၌လည်း နေရာ ၁၆ ခုတွင် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နေပြီး လူအမြောက်အမြားမှာ အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသည်ဟု စီအင်န်အင်န်သတင်းဌာနက တင်ပြသွားသည်။

စီအင်န်အင်န်။

အီရတ်၌ လုပ်ငန်းဆောင်ရွက်နေသည့် အမေရိကန် ကန်ထရိုက်တာများ အလုပ်သမားများ၏ လုံခြုံရေးအခြေအနေ စေ့စေ့စပ်စပ် လေ့လာမည်

ဝါရှင်တန် ဩဂုတ် ၇

အမေရိကန် အရပ်ဘက် ကန်ထရိုက်လုပ်ငန်းရှင်တစ်ဦး တင့်ကားဖျက်မိုင်း ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ပြီးနောက် အီရတ်နိုင်ငံတွင် လုပ်ငန်းတာဝန်ဆောင်ရွက်လျက်ရှိသည့် အမေရိကန် ကန်ထရိုက်လုပ်ငန်းရှင်များက ၎င်းတို့ အလုပ်သမားများ၏ လုံခြုံရေးအခြေအနေကို စေ့စေ့စပ်စပ် လေ့လာမည်ဖြစ်ကြောင်း ပြောကြားသည်။

မိမိတို့သည် လုံခြုံရေးအခြေအနေကို လွန်စွာ ဂရုစိုက်ထား၍ စောင့်ကြည့်လေ့လာနေရကြောင်း၊ မိမိတို့အရာရာတွင် ကြိုတင်ကာကွယ်မှု ယူထားရကြောင်း၊ အီရတ်နိုင်ငံသည် လုပ်ငန်းဆောင်ရွက်ရန် ကြောက်မက်ဖွယ် အန္တရာယ်အရှိဆုံး ဒေသတစ်ခုဖြစ်နေကြောင်း အီရတ်နိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသည့် ဘက်တယ်အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးဖြစ်သူ အပစ်ဆန်အက်ဘော့က ပြောကြားသည်။

ပထမဆုံးအကြိမ်ဖြစ်ဖွယ်

ဆက်ဒမ်ဟူစိန်၏ မွေးရပ်မြေ တီကရစ်မြို့အနီးတွင် အင်္ဂါနေ့က သေဆုံးခဲ့သည့် အရပ်သား ကန်ထရိုက်လုပ်ငန်းရှင်တစ်ဦးသည် အမေရိကန်စစ်ဘက်နှင့် ကန်ထရိုက်လုပ်ငန်းအရ ဆောင်ရွက်ရာ ကယ်လော့ဘရောင်းနှင့် ရုအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီတွင် လုပ်ကိုင်ဆောင်ရွက်နေသူတစ်ဦးဖြစ်သည်။ ဆက်ဒမ်ဟူစိန် ရာထူးမှ ဖယ်ရှားခံပြီးနောက် ကန်ထရိုက်လုပ်ငန်းရှင်တစ်ဦးအနေဖြင့် အီရတ်နိုင်ငံတွင် သေဆုံးမှုမှာ ပထမဆုံးအကြိမ် ဖြစ်ဖွယ်ရှိသည်။

အရေးကြီးဆုံး ပြဿနာ

အမေရိကန်စစ်ဘက်၊ သို့မဟုတ် ကုလသမဂ္ဂ နိုင်ငံတကာဖွံ့ဖြိုးမှုအေဂျင်စီအတွက် အီရတ်နိုင်ငံတွင် စီမံချက်လုပ်ငန်းများ ဆောင်ရွက်နေသည့် ဦးဆောင်ကန်ထရိုက်လုပ်ငန်းရှင်များအတွက် လုံခြုံရေးသည် နံပါတ်တစ် အရေးကြီးဆုံး ပြဿနာဖြစ်လျက်ရှိပြီး ၎င်းတို့လုပ်ငန်းဆောင်ရွက်ရာတွင် ဆူးငြောင့်ခလုတ်များအဖြစ် အဟန့်အတားဖြစ်လျက်ရှိသည်။

မကြာမီရက်သတ္တပတ်များအတွင်း ဗြိတိသျှ သတင်းစာဆရာတစ်ဦး၊ နိုင်ငံတကာ ကြက်ခြေနီကော်မတီမှ သီရိလင်္ကာနိုင်ငံသား အတတ်ပညာရှင်တစ်ဦး၊ ကုလသမဂ္ဂမှ အီရတ်နိုင်ငံသား ယာဉ်မောင်းတစ်ဦးနှင့် အမေရိကန်တပ်သားများအတွက် စကားပြန်လုပ်နေသူ အီရတ်နိုင်ငံသားတစ်ဦးတို့ ချောင်းမြောင်းတိုက်ခိုက်ခံရကာ သေဆုံးခဲ့ရသည်။

ပစ်မှတ်ထား

ဘာ့သ်ပါတီဝင်များသည် တစ်စတစ်စ ကမူးရှူးထိုးဖြင့် အတင့်ရဲလာကြပြီး မိမိတို့၏ အောင်မြင်မှုများအား ပစ်မှတ်ထားပြီး အလွယ်တကူ တိုက်ခိုက်လွယ်သည့် ပစ်မှတ်များအဖြစ် သတ်မှတ်ကာ တိုက်ခိုက်ကြကြောင်း အမေရိကန်ကာကွယ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

လုံခြုံရေး

အီရတ်နိုင်ငံ၏ အဓိက ပုဂ္ဂလိကကန်ထရိုက်လုပ်ငန်းရှင်ကြီးများသည် ၎င်းတို့၏ လုံခြုံရေးကို ၎င်းတို့ကိုယ်တိုင် အငှားထားကာ ၂၄နာရီစလုံး အစောင့်အရှောက်အောက်ဝယ် နေထိုင်ရခြင်းဖြစ်ကြောင်း ကန်ထရိုက်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်စစ်ပွဲကာလတွင် ဝဲဘက်ခြေထောက် တစ်ချောင်းနှင့် ယာဘက် လက်တစ်ဖက်တို့ကို ဆုံးရှုံးခဲ့ရသော အာမက်မိုဟာမက်ဟမ်ဇာအား ကူဝိတ်နိုင်ငံတကာလေဆိပ်တွင် ဩဂုတ် ၇ ရက်က ဗြိတိန်နိုင်ငံသို့ ထွက်ခွာမည့် လေယာဉ်တစ်စင်းပေါ်သို့ ၎င်း၏ဖခင်က ပွေ့ချီကာ လေယာဉ်ပေါ်သို့ တက်ရောက်နေသည်ကို တွေ့မြင်ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တူရကီ–ဆီးရီးယား–အီရတ် ရထားခရီးစဉ် ပြန်လည်ဖွင့်လှစ်

အန်ကာရာ ဩဂုတ် ၇

အမေရိကန်တပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် ကျူးကျော်တိုက်ခိုက်သော အီရတ်စစ်ပွဲ ဖြစ်ပွားခြင်းကြောင့် ပြီးခဲ့သည့် ဖေဖော်ဝါရီလမှစ၍ ပိတ်ထားခဲ့ရသော တူရကီ–ဆီးရီးယား–အီရတ် ရထားလမ်းကို ဩဂုတ်လ ၁ ရက်မှ စ၍ ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

တူရကီ–ဆီးရီးယား–အီရတ် ရထားလမ်း ပြန်လည်ဖွင့်လှစ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို တူရကီမီးရထား ညွှန်ကြားမှုဦးစီးဌာနနှင့် အီရတ်မီးရထားဌာနတို့က ဇူလိုင် ၃၀ ရက်တွင် လက်မှတ်ရေးထိုးလိုက်သည်။

အဆိုပါ သဘောတူညီချက်အရ တူရကီရထားများသည် ဆီးရီးယားနိုင်ငံကို ဖြတ်သန်းလျက် အီရတ်နိုင်ငံသို့ ရထားခရီးစဉ်များကို ရက်သတ္တပတ်လျှင် လေးရက်ခုတ်မောင်းပေးမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်ကလေးငယ်အား လက်တုတပ်ဆင်ပေးမည်

ကူဝိတ် ဩဂုတ် ၈

အမေရိကန်က အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်သည့် စစ်ပွဲကာလအတွင်း ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ရသည်သာမက မိဘများကိုလည်း ဆုံးရှုံးခဲ့ရသော အသက် ၁၃နှစ်အရွယ်ရှိ အီရတ်လူမျိုးကလေးငယ်တစ်ဦးကို ဆေးဝါးကုသမှုပြုလုပ်ပေးနိုင်ရန် ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်သို့ ကြာသပတေးနေ့က ခေါ်ဆောင်သွားသည်။

ကူဝိတ်အစိုးရ၏ လှူဒါန်းမှု ရန်ပုံငွေဖြင့် ဆေးဝါးကုသမှုခံယူမည့် အလီအစ္စမေးလ်အာဘတ်စ်သည် စစ်ပွဲကာလတွင် ၎င်း၏ လက်နှစ်ဖက်စလုံး ဆုံးရှုံးခဲ့ရပြီး စစ်ကာလအတွင်း ခြေထောက်တစ်ချောင်းနှင့် လက်တစ်ဖက် ဆုံးရှုံးခဲ့ရသော အာမက်မိုဟာမက်ဟမ်ဇာဆိုသူ အခြားကလေးတစ်ဦးနှင့်အတူ ဗြိတိန်နိုင်ငံ၌ ဆေးဝါးကုသမှုခံယူနိုင်ရန် ကူဝိတ်နိုင်ငံမှ ထွက်ခွာသွားသည်။ အဆိုပါ ကလေးနှစ်ဦးသည် မြို့တော်လန်ဒန်ရှိ ရို့ဟမ်တန်ပြန်လည်ထူထောင်ရေးဗဟိုဌာန၌ ဆေးဝါးကုသမှု ခံယူမည်ဖြစ်သည်။

ကလေးငယ်အလီသည် စစ်ကာလအတွင်း ၎င်း၏ လက်နှစ်ဖက်စလုံး ဆုံးရှုံးခဲ့ရသည်ဆိုသော သတင်းကို ရုပ်မြင်သံကြားဌာနများက ထုတ်လွှင့်ပြသခဲ့ရာ ကမ္ဘာတစ်ဝန်းရှိ ပြည်သူထုက အဆိုပါကလေးနှင့်ပတ်သက်၍ စိတ်မကောင်းမှုဖြစ်ကြရပြီး သနားဂရုဏာသက်ခဲ့ကြရသည်။ ကလေးငယ်သည် စစ်ကာလအတွင်း ဖခင်ကိုသာမက ကိုယ်ဝန်လွယ်ထားရသူ မိခင်ကိုလည်း ဆုံးရှုံးခဲ့ရသည်။ အလီသည် ဧပြီ ၁၆ရက်နေ့က ကူဝိတ်နိုင်ငံသို့ လေယာဉ်ဖြင့် ရောက်ရှိလာခဲ့သည်။ မီးလောင်ဒဏ်ရာများ အကြီးအကျယ်ရထားသော ယင်းကလေးငယ်၏ အရေပြားများကို ဆရာဝန်များက ကုသပေးခဲ့ရာ ယခုအခါ မီးလောင်ဒဏ်ရာများမှ ပြန်လည်နာလန်ထူလာပြီဖြစ်သည်။ အလီသည် လန်ဒန်ဆေးရုံ၌ လက်တုများတပ်ဆင်ခွင့် ရရှိမည်ဖြစ်သည်။ ***အင်တာနက်။***

ဂျာမနီမြစ်များ ရေခန်းခြောက်

ဂျာမနီနိုင်ငံတွင် ရာသီဥတု ပူပြင်းခြောက်သွေ့နေခြင်းကြောင့် မြစ်များ၌ ရေခန်းခြောက်မှုများ ဖြစ်ပေါ်ရသည်။ ဂျာမနီနိုင်ငံ အရှေ့ပိုင်း ဒရက်စဒန်မြို့ရှိ သင်္ဘောကျင်း၌ ရပ်နားထားရသော ၁၉၂၆ ခုနှစ်က တည်ဆောက်ခဲ့သည့် ဒရက်စဒန်အမည်ရှိ ရေနွေးငွေ့စွမ်းအင်သုံး သင်္ဘောကို ဩဂုတ် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



(၅၈)နှစ်မြောက် ဟီရိုရှီးမားနေ့ ဝန်ကြီးချုပ် ကိုအိဇုမိ တက်ရောက်

ဩဂုတ် ၇

အဏုမြူဗုံးဒဏ် ခံစားရသည့် (၅၈)နှစ်မြောက် အခမ်းအနားကို ဟီရိုရှီးမားမြို့၌ ဩဂုတ် ၆ ရက်တွင် ကျင်းပသည်။ ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိ အပါအဝင် ပရိသတ် ၁၄၀၀၀ တက်ရောက်ခဲ့ပြီး အဏုမြူဗုံးဒဏ်ခံစားပြီး သေဆုံးခဲ့သူများ၏ စာရင်းကို ထပ်မံပေါင်းထည့်ခြင်းဖြင့် အခမ်းအနားကို စတင်ခဲ့သည်။

အဏုမြူဗုံး ကျရောက်စဉ် အသက်ရှင်ခဲ့ပြီးနောက် လွန်ခဲ့သည့် နှစ်များအတွင်း သေဆုံးခဲ့သူပေါင်း ၅၀၅၀ ၏ အမည်များကို စာရင်းတွင် ထည့်သွင်းခဲ့သည်။ သေဆုံးခဲ့သူပေါင်း နှစ်သိန်းသုံးသောင်းရှိသည်။ ဟီရိုရှီးမားမြို့တော်ဝန်က ငြိမ်းချမ်းရေးကြေညာစာတမ်းကို ဖတ်ကြားပြီး နျူကလီးယား လက်နက်များ ဆန့်ကျင်မှုကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ကိုအိဇုမိက ထုတ်ဖော်ပြောကြားသည်ဟု အင်န်အိပ်ချ်ကေ သတင်းဌာနက တင်ပြသွားသည်။ ***အင်န်အိပ်ချ်ကေ။***

နျူကလီးယား လက်နက်ဖျက်သိမ်းရေး အရှိန်အဟုန် တိုးမြှင့်ရန် ကိုဖီအာနန် တိုက်တွန်း

ကုလသမဂ္ဂ ဩဂုတ် ၇

ကမ္ဘာပေါ်မှ နျူကလီးယားလက်နက်များ အဆုံးတစ်နေ့၌ ပျောက်ကွယ်သွားစေရေးအတွက် နျူကလီးယားလက်နက်များ ဖျက်သိမ်းရေးကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က နိုင်ငံတကာအသိုက်အဝန်းသို့ ဗုဒ္ဓဟူးနေ့တွင် တိုက်တွန်းလိုက်သည်။

လိုအင်ဆန္ဒ

အဏုမြူဗုံးဒဏ်ကြောင့် ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့တို့ ပျက်စီးခဲ့ရပြီး အဆိုပါ ဂျပန်မြို့ကြီးနှစ်မြို့၌ နေထိုင်သူများ အတိဒုက္ခခံစားခဲ့ရပြီးချိန်နောက်ပိုင်းတွင် ကမ္ဘာမြေပြင်ပေါ်မှ နျူကလီးယားလက်နက်များ လုံးဝကွယ်ပျောက်သွားစေလိုသည့် လူသားတို့၏ လိုအင်ဆန္ဒသည် ကြီးမားခဲ့ရကြောင်း၊ ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ် အဏုမြူဗုံး တိုက်ခိုက်ခံရသည့် (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့အဖြစ် ပေးပို့သည့် သဝဏ်လွှာတွင် ကိုဖီအာနန်က ဖော်ပြထားသည်။

တိုးတက်မှုတစ်ရပ်

၁၉၄၅ ခုနှစ်နောက်ပိုင်း နျူကလီးယားလက်နက်များ သုံးစွဲမှု မရှိခြင်းသည် အောင်မြင်တိုးတက်မှုတစ်ရပ်ဟု ပြောဆိုကြမည်ဖြစ်သော်လည်း အရေအတွက် အတိအကျမသိရှိရသော ထောင်နှင့်ချီသည့် ယင်းလက်နက်များသည် ကမ္ဘာတစ်ဝန်း လက်နက်တိုက်များတွင် ရှိနေသေးကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ပြောကြားသည်။

နျူကလီးယားလက်နက် ဖျက်သိမ်းရေးနှင့် နျူကလီးယားလက်နက် မပြန့်ပွားရေးအတွက် ကတိကဝတ် ပြုထားမှုကို အလေးအနက်ထားကြောင်း နိုင်ငံတကာ အသိုက်အဝန်းက ပိုမိုပြသရမည်ဖြစ်ကြောင်း အာနန်က အလေးအနက်ထား ပြောဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်ခန့်အပ်သည့် အုပ်ချုပ်ရေးကောင်စီ အီရတ်၌ အစိုးရအဖွဲ့ထူထောင်ရေး ခြေလှမ်းတစ်ရပ်ဖြစ်

ကိုင်ရို ဩဂုတ် ၇

အီရတ်ရှိ အမေရိကန်ခန့်အပ်သော အုပ်ချုပ်မှုကောင်စီ ဖွဲ့စည်းမှုသည် အများရွေးချယ်တင်မြှောက်သည့် အမျိုးသားအစိုးရအဖွဲ့တစ်ရပ် ထူထောင်ရေးအတွက် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ကိုင်ရိုတွင် အင်္ဂါနေ့က ကျင်းပသော အာရပ်အုပ်စုမှ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးက လက်ကမ်းကြိုဆိုလိုက်သည်။

ကျီးလန့်စာစား

အီရတ်နိုင်ငံသားများနှင့် အာရပ်လူမျိုးများသည် အကြမ်းဖျင်းအားဖြင့် သဘာဝချင်းမတူ ကွဲပြားသည့် လူမျိုးစုငယ်နှင့် ဘာသာရေးဆိုင်ရာ အသိုက်အဝန်းကို ကိုယ်စားပြုထားသော အဖွဲ့ဝင် ၂၅ဦး ပါဝင်သည့် အုပ်ချုပ်မှုကောင်စီအား တရားဝင် ပြည်သူ့ကိုယ်စားပြု အဖွဲ့အစည်းအဖြစ် သဘောထားလျက်ရှိသော်လည်း ၎င်းကောင်စီအား အပြည့်အဝမယုံကြည်နိုင်ဘဲ ကျီးလန့်စာစားနေရသည့် အခြေအနေသို့ ဆိုက်ရောက်လျက်ရှိသည်။

ယင်းအုပ်ချုပ်မှု ကောင်စီအစား အီရတ်နိုင်ငံသူ၊ နိုင်ငံသားတိုင်း ရွေးချယ်တင်မြှောက်နိုင်သည့် အစိုးရအဖွဲ့တစ်ရပ် ပေါ်ထွန်းရေးအတွက် ရွေးကောက်ပွဲတစ်ရပ် အမြန်ဆုံးကျင်းပပေးနိုင်ရန် အာရပ်လူမျိုးများက တိုက်တွန်းနှိုးဆော်ထားသည်။

အုပ်ချုပ်မှုကောင်စီ ဖွဲ့စည်းခြင်းသည် မှန်ကန်သည့် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည့်လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ကြောင်း မိမိတို့ယုံကြည်ထားရကြောင်း၊ ယင်းမှတစ်ဆင့် ဖွဲ့စည်းအုပ်ချုပ်ပုံသစ် ရွေးကောက်ပွဲနှင့် အစိုးရ ဖွဲ့စည်းမှုတို့ကို ဦးတည်ဆောင်ရွက်နိုင်မည်ဟု မိမိတို့မျှော်လင့်လျက်ရှိကြောင်း ဘာရိန်းနိုင်ငံခြားရေးဝန်ကြီး မူဘာရက်အယ်လ်ခါလီဖာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆင်သင့်ရှိ

အာရပ်အဖွဲ့ချုပ်နှင့် သီးခြားအာရပ်နိုင်ငံများအနေဖြင့် မည်သည့်အီရတ်အဖွဲ့အစည်းမျိုးမဆို တွေ့ဆုံဆွေးနွေးရန် အဆင်သင့်ရှိကြောင်း၊ သို့ရာတွင် အာရပ်အဖွဲ့ချုပ်တွင် အီရတ်နိုင်ငံ၏ နေရာအတွက် အီရတ်အုပ်ချုပ်မှု ကောင်စီကိုယ်စားလှယ်အဖွဲ့က ကိုယ်စားလှယ်အဖြစ် မည်သူ့အား ရွေးချယ် ခွင့်ပြု၊ မပြုကို မိမိ မပြောကြားနိုင်ကြောင်း မိုဟာမက်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

စစ်ဆေးရေးစခန်းများ ဖွင့်လှစ်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးအခြေအနေကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ မြို့တော်နေရာအနှံ့ သံဆူးကြိုးများချကာ စစ်ဆေးရေးစခန်းများ ဖွင့်လှစ်ထားစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကိုကင်း ရောင်းဝယ်မှု အင်ဒိုနီးရှား နှိမ်နင်း

ဂျကာတာ ဩဂုတ် ၇

အင်ဒိုနီးရှား အကောက်ခွန်ရုံးက ရူပီးငွေ ၁၃ ဒသမ ၄ ဘီလျံ(အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းခန့်) တန်ဖိုးရှိ ကိုကင်းမူးယစ်ဆေးဝါး ၁၃ ဒသမ ၄ ကီလိုဂရမ်ကို ရောင်းဝယ်ဖောက်ကားမှု ပျက်ပြားစေရန် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သို့ရာတွင် မူးယစ်ဆေးဝါးရောင်းသူဟု သင်္ကာမကင်းခံရသူသည် အဖမ်းမခံဘဲ ထွက်ပြေးလွတ်မြောက်သွားကြောင်း အရာရှိတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

ဖော်ပြပါ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုသည် ယခုနှစ်အတွင်း တားဆီးခဲ့သမျှတွင် အကြီးမားဆုံးဖြစ်ကြောင်း နိုင်ငံတကာ လေဆိပ်ရှိ အကောက်ခွန်ရုံးမှ အကြီးအကဲဖြစ်သူ ယူဆွတ်အင်ဒါတိုက ပြောကြားသည်။

မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူဟု သင်္ကာမကင်းဖြစ်ခံရသူသည် ဘရာဇီးနိုင်ငံမှ မာကိုအာချာကာဒိုတိုဖြစ်ပြီး ခြောက်မီတာစီရှည်သော ပိုက်လုံးနှစ်လုံးတွင် ကိုကင်းမူးယစ်ဆေးအိတ်ငယ် ၂၉ အိတ် ထည့်သွင်းပြီး မှောင်ခိုရောင်းရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

မာကိုသည် နယ်သာလင်နိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့ လေယာဉ်ဖြင့် ရောက်ရှိလာခြင်းဖြစ်ပြီး အကောက်ခွန်အရာရှိများက ၎င်းအား ရှာဖွေမည်ပြုရာမှ ထွက်ပြေးခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

The Mirror

နိုင်ငံတကာ သတင်းများ

အမေရိကန် တပ်ဖွဲ့ဝင်များ ပြုမူဆက်ဆံပုံ ယဉ်ကျေးမှုနှင့် မကိုက်ညီ

ဘဂ္ဂဒက် ဩဂုတ် ၇

အမေရိကန်တပ်ဖွဲ့များ၏ အီရတ်နိုင်ငံအတွင်း စီးနင်းရှာဖွေမှုများမှာ တပ်ဖွဲ့ဝင်များ၏ ပြုမူ ဆက်ဆံပုံများနှင့် စပ်လျဉ်း၍ အီရတ်လူမျိုးများ မုန်းတီးမှုများဖြစ်ပွားစေရန် လှုံ့ဆော်ပေးသကဲ့သို့ ဖြစ်နေသည်။

အတင်းအဓမ္မဝင်ရောက်

အိမ်များအတွင်း အတင်းအဓမ္မဝင်ရောက်ကာ လူအများကို ဖမ်းဆီးခြင်း၊ အနံ့ခံခွေးများကို ခေါ်ဆောင်လာခြင်းသည် ဒေသခံတို့၏ ယဉ်ကျေးမှုနှင့် မကိုက်ညီဘဲ အီရတ်နိုင်ငံသားများအနေနှင့် အမေရိကန်တို့အပေါ် မုန်းတီးမှုများ မပြတ်ဖြစ်ပေါ်နေသည်။ အီရတ်နိုင်ငံသားများက ဆက်ဒမ်ဟူစိန်လက်ထက်မှာပင် ယခုလိုအတင်းအဓမ္မ ဝင်ရောက်စီးနင်းမှုများ မပြုလုပ်ခဲ့ဖူးကြောင်း ပြောကြားနေကြကာ လူမျိုးစုအချို့အတွင်း တင်းမာမှုများဖြစ်ပေါ်လျက်ရှိသည်။ ယမန်နေ့က ဘဂ္ဂဒက်မြို့တွင် ထုတ်ပြန်ခဲ့သည့် စစ်တမ်းဆန္ဒကောက်ယူချက်အရ အီရတ်တွင် ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများသည် အမေရိကန်တို့၏ ရန်လိုမှုများအပေါ်တုံ့ပြန် တိုက်ခိုက်မှုများသာဖြစ်ကြောင်း အီရတ်လူမျိုး သုံးပုံတစ်ပုံက ယုံကြည်ကြောင်း ဖြေကြားသည်။

ထင်ရှားစွာဖော်ပြ

ယင်းသည် အမေရိကန်တို့၏ ရှာဖွေမှုများအပေါ် အီရတ်တို့၏ သဘောထားထင်မြင်ချက်ကို ထင်ရှားစွာ ဖော်ပြချက်တစ်ရပ်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက တင်ပြသွားသည်။

စီအင်န်အင်န်။

ချက်တောင်တက်သမား တောင်တက်စဉ်သေဆုံးသွား

မော်စကို ဩဂုတ် ၇

ရုရှားနိုင်ငံအရှေ့ဖျားဒေသ ကမ်ချတ်ခါ ကျွန်းဆွယ်ဒေသရှိ ကလီယူချက်စတာယာဆိုကာ မီးတောင်မှ အပေါ်သို့ တက်ရောက်စဉ်ဦးခေါင်း၌ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သူ ချက်လူမျိုး တောင်တက်သမားတစ်ဦး၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိကြောင်း ရုရှားအရေးပေါ်လုပ်ငန်းများဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗစ်တာတယ်လ်ဆာ့ဗ်က ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

ရုရှား ကယ်ဆယ်ရေးအဖွဲ့များသည် ဗုဒ္ဓဟူးနေ့က အဆိုပါ မီးတောင်၏ မီတာ ၂၃၀၀ အမြင့်ထိ တတ်ရောက်ခဲ့ကြပြီး သေဆုံးသွားသော တောင်တက်သမား၏ ရုပ်အလောင်းကိုသယ်ဆောင်လာသည့် ချက်တောင်တက်သမား သုံးဦးကို ရှာဖွေတွေ့ရှိခဲ့ရသည်။ သေဆုံးသွားသည့် တောင်တတ်သမားမှာ အသက်(၄၄)နှစ်အရွယ်ရှိ မိုင်လော့စ်ဆမီလိုမက်စကီးဆိုသူဖြစ်ပြီး မီးတောင်၏ မီတာ ၂၅၀၀ အမြင့်ရှိ ၎င်းတို့၏ အခြေစိုက်စခန်းသို့ ခေါ်ဆောင်လာခဲ့သည်။ ရုရှား ကယ်ဆယ်ရေးအဖွဲ့များသည် ချက်တောင်တက်သမားများအား ၎င်းတို့၏ စခန်းသို့ ပြန်လည်ရောက်ရှိနိုင်စေရန် ကူညီခဲ့ကြသည်။

အဆိုပါစခန်းတွင်၎င်းတို့နှင့်တောင်တက်ဖော် ၁၂ဦးရှိနေသည်။ မီးတောင်၏ မီတာ ၄၃၀၀ အမြင့်ရှိ နေရာတွင် အခြား ချက်လူမျိုးတောင်တက်သမား လေးဦးမှာ ဆက်လက်ပိတ်မိနေဆဲဖြစ်ပြီး ၎င်းတို့၏ အခြေအနေနှင့် ပတ်သက်၍ မသိရှိရသေးပေ။

ချက်တောင်တက်သမား ဆမီလိုဗတ်စကီးသည် တောင်တက်နေစဉ် လိမ့်ကျလာသော ကျောက်တုံးတစ်တုံး ထိမှန်ခံရကာ ဟန်ချက်ပျက်သွားရာမှ တောင်စောင်းတစ်လျှောက် မီတာ၃၀ လိမ့်ကျခဲ့ပြီး ဦးခေါင်းဒဏ်ရာဖြင့် သေဆုံးခဲ့ရသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ချစ်ကြည်ရေး ခြေစမ်း

မန်ချက်စတာ ယူနိုက်တက်အသင်းနှင့် ပေါ်တူဂီစပို့တင်းအသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပွဲကို ဩဂုတ် ၆ ရက်က ကျင်းပရာ မန်ယူအသင်းမှ ရုဒ်ဗင်နစ္စတယ်ရွိုင်း(လယ်)က စပို့တင်းအသင်းမှ ဟူရို(ယာ) နောက်မှလိုက်နေသည့်ကြားမှ ဂိုးသွင်းယူနေစဉ်။ (ထိုပွဲတွင် ပေါ်တူဂီ စပို့တင်းအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်သွားသည်။) *(ဓာတ်ပုံ-အင်တာနက်)*

ဟိမဝန္တာ ဂကျော်ဖြတ် ခရီးသွားလာမှုလုပ်ငန်း နီပေါနှင့်တရုတ်ပြည် ပူးပေါင်းဆောင်ရွက်မည်

ခတ္တမန္ဒူ ဩဂုတ် ၇

နီပေါနိုင်ငံနှင့်တရုတ်ပြည်တို့သည် အထူးသဖြင့် ဟိမဝန္တာကျော်ဖြတ်ခရီးသွားမှု ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍအပါအဝင် နှစ်နိုင်ငံချစ်ကြည်ရေး ခိုင်မာတောင့်တင်းစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း နီပေါယဉ်ကျေးမှု ခရီးသွားလာရေးနှင့် လေကြောင်းပျံသန်းရေးဌာန ဝန်ကြီး နက်ဆူလာက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ခရီးသွားလုပ်ငန်းမှ အကျိုးအမြတ်ဖြစ်ထွန်းစေနိုင်ပြီး နှစ်နိုင်ငံပြည်သူလူထုကြီးပွားချမ်းသာရေးကို ဆောင်ကြဉ်းပေးနိုင်ကြောင်းကို မိမိတို့ နှစ်ဖက်စလုံးက တူညီသောနားလည်မှု ရှိထားကြကြောင်း၊ သို့ဖြစ်၍ ယင်းကိစ္စနှင့် ဆက်နွယ်၍ မိမိတို့၏ပူးပေါင်းဆောင်ရွက်ရေးသည် အဆင့်သစ်တစ်ရပ်သို့ ရောက်ရှိလာနိုင်ကြောင်း ဆူကလာက နီပေါသို့ အလည်အပတ်ရောက်ရှိနေသည့် တရုတ်ကိုယ်စားလှယ်အဖွဲ့အား ပြောကြားသည်။

ရောက်ရှိ

တရုတ်ပြည် တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ လော့ဆန်ဂိုင်ယယ်ဆင် ဦးဆောင်သည့်အဖွဲ့ဝင် ၂၈ ဦးပါကိုယ်စားလှယ်အဖွဲ့သည် နီပေါအစိုးရအဖွဲ့၏ ဖိတ်ကြားချက်အရ ဩဂုတ်၅ရက်မှ ၁၆ ရက်အထိ ၁၂ ရက်ကြာလည်ပတ်ရန် ခတ္တမန္ဒူသို့ အင်္ဂါနေ့က ရောက်ရှိလာခြင်းဖြစ်သည်။

တံခါးပေါက်

နီပေါနိုင်ငံသည် တရုတ်ပြည်၏ တိဘက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ခရီးသွားနားနေရာဒေသများသို့ သွားရောက်ရာ တံခါးပေါက်ဖြစ်နေကြောင်း၊ အဘယ်ကြောင့်ဆိုသော် မကြာမီနှစ်များအတွင်း နီပေါနိုင်ငံမှ အဆိုပါဒေသသို့ ပြည်ပခရီးသည် ၅၀၀၀ ကျော် ဝင်ရောက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဆူကလာက အစည်းအဝေးကျင်းပစဉ်အတွင်း ပြောကြားသည်။

တရုတ်နှင့်နီပေါ နှစ်နိုင်ငံစလုံးက နှစ်နိုင်ငံဆိုင်ရာ ခရီးသွားလာရေး ပူးပေါင်းဆောင်ရွက်ရေးအတွက် ခိုင်မာသောအသိနှင့် ဖြူစင်ရိုးသားမှုကို ထုတ်ဖော်ပြောကြားခဲ့ကြကြောင်း၊နီပေါဝန်ကြီး၏ အကြံပြုပြောကြားချက်များသည် အပြုသဘောဆောင်ပြီး အမြင်ကျယ်လှကြောင်း ဂိုင်ယယ်ဆင်က အစည်းအဝေးတွင် ပြောကြားသည်။

အမှန်တရား

အတွေးအခေါ် ကောင်းများကို လက်တွေ့ကျင့်သုံးနိုင်သည့် အမှန်တရားအဖြစ် ပြောင်းလဲနိုင်ရန် မိမိတို့မျှော်လင့်ကြောင်း၊ ယင်းသို့အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စီမံချက်အများအပြားကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ဂိုင်ယယ်ဆင်က ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နယ်လွန်ကျူးကျော်သော ဥပဒေနှင့် အချုပ်အခြာအာဏာ

ကျော်ဇင်ညွန့်
(တရားရုံးချုပ်ရှေ့နေ)

လွတ်လပ်သောနိုင်ငံတိုင်းသည် အချုပ်အခြာ အာဏာကို ပိုင်ဆိုင်ကြသည်။ နိုင်ငံတစ်ခုက ပိုင်ဆိုင်သော အချုပ်အခြာအာဏာဟူသည် ယင်းနိုင်ငံသားအားလုံး ပိုင်ဆိုင်ပြီး ယင်းနိုင်ငံ၏ နယ်နိမိတ်၊ ပိုင်နက်နယ်မြေအတွင်း ပျံ့နှံ့တည်ရှိသည်။ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာမှာ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေးအာဏာတို့ဖြစ်သည်။ အချုပ်အခြာအာဏာရပ်ကြီးတွင် နိုင်ငံတော်ပိုင်နက်နှင့် နိုင်ငံသားတို့၏ လွတ်လပ်ရေး တည်တံ့ခိုင်မြဲခွင့်၊ မိမိတို့နိုင်ငံ ကြီးပွားတိုးတက်ရေးအတွက် မိမိတို့နိုင်ငံ ရေ၊ မြေ၊ ဥတုရာသီ၊ နိုင်ငံသားတို့၏ စိတ်ဆန္ဒ၊ ယဉ်ကျေးမှု၊ သမိုင်းကြောင်းတို့နှင့် ချိန်ထိုးကိုက်ညှိပြီး အကောင်းဆုံးလမ်း ရွေးချယ်ဆောင်ရွက်ခွင့်၊ အချုပ်အခြာအာဏာပိုင်နက် နယ်မြေတည်တံ့ခွင့်၊ ကျူးကျော်မှု၊ စွက်ဖက်မှုတို့မှ ကင်းလွတ်ခွင့်တို့ပါ အကျုံးဝင်ပေသည်။

၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် နိုင်ငံပေါင်း ၅၁ နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ယနေ့ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၁ နိုင်ငံရှိနေသည့် ဧရာမကမ္ဘာ့ကိုယ်စားပြု ကုလသမဂ္ဂအဖွဲ့ကြီး၏ အဖွဲ့ဝင်တိုင်းက မပျက်မကွက် လိုက်နာရန် လက်မှတ်ရေးထိုး ပဋိညာဉ်ပြုထားသော ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကြီးကို ကြည့်ကြည့်၊ အပြည်ပြည်ဥပဒေစံနှုန်းများ၊ နိုင်ငံတကာသဘောတူညီမှု (ကွန်ဗင်းရှင်း)များကိုကြည့်ကြည့်၊ ကမ္ဘာ့လူ့ယဉ်ကျေးမှု အစဉ်အလာများကိုကြည့်ကြည့်၊ နိုင်ငံတိုင်း၏ လွတ်လပ်ခွင့်၊ နိုင်ငံတိုင်း၏ တန်းတူခွင့်၊ နိုင်ငံတိုင်း၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ နိုင်ငံတိုင်း ပြည်ပမှကျူးကျော်ခြင်း၊ စွက်ဖက်ခြင်းတို့မှ ကင်းလွတ်ခွင့်တို့ကို အသိအမှတ်ပြုထားသည်။ အာမခံထားသည်။ ကိုလိုနီထမ်းပိုးအောက်မှ လွတ်လပ်ရေးတိုက်ယူခဲ့သည့် ဖွံ့ဖြိုးဆဲနိုင်ငံ ၁၁၆ နိုင်ငံ ပါဝင်လျက်ရှိသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဘန်ဒေါင်းကြေညာချက်ကလည်း အထက်ပါ အချက်များကို အာမခံ၊ အသိအမှတ်ပြုထားပေသည်။

ကမ္ဘာ့သမိုင်းကို ပြန်ကြည့်လျှင် ကမ္ဘာ့ပြည်သူအများစု၊ နိုင်ငံအများစုကို စစ်အင်အားသုံး၊ အနိုင်ကျင့် ကျူးကျော်တိုက်ခိုက်၊ သိမ်းပိုက်၊ ကျွန်ပြု၊ အဆီကိုစား၊ အသားကို မျိုခဲ့သည်ကို တွေ့ရပေမည်။ ဘက်မလိုက် ၁၁၆ နိုင်ငံဟူသည် ကုလသမဂ္ဂအဖွဲ့ကြီးတွင် အဖွဲ့ဝင်များဖြစ်ကြသည်။ ယင်းနိုင်ငံများအား အနောက် စက်မှုအရင်းရှင် နယ်ချဲ့နိုင်ငံကြီးများက စစ်အင်အားသုံး တိုက်ခိုက်ခဲ့သည်ကိုလည်းကောင်း၊ အဆိုပါ အနောက်စက်မှုအရင်းရှင်နိုင်ငံကြီးများမှ ပါလီမန်ဒီမိုကရေစီကျင့်သုံးသည်ဆိုသော အရင်းရှင်ပါလီမန်များက မည်သည့်နိုင်ငံကို တိုက်ပြီးသိမ်းပိုက်တော့ဟု အရင်းရှင်ဒီမိုကရေစီနည်းကျကျ ဆုံးဖြတ်အမိန့်ချခဲ့သောကြောင့် ကမ္ဘာ့ပြည်သူ လေးပုံသုံးပုံခန့် လွတ်လပ်ရေးဆုံးရှုံး၊ ဒီမိုကရေစီပိုင်ခွင့်နှင့် လူ့အခွင့်အရေး ဆုံးရှုံးကာ သူ့ကျွန်ဖြစ်ခဲ့ကြရသည်ကိုလည်းကောင်း ကမ္ဘာ့အပြစ်ကင်းရှိုးသားသော ပြည်သူတိုင်း မမေ့နိုင်ကြသေးပေ။ ကျွန်ပြုခံရသောနိုင်ငံတိုင်းမှ သယံဇာတ၊ ဓနဥစ္စာများကို နယ်ချဲ့သမားတို့က နှိုက်ယူသွားသဖြင့် ကွက်လပ်၊ ချိုင့်ခွက်ဖြစ်ကျန်ရစ်ခဲ့ရသော အမာရွတ်ကြီးများကို စမ်းမိတိုင်း နယ်ချဲ့တို့အပေါ် ကမ္ဘာမကြေဖြစ်နေရဆဲ ဖြစ်ပေသည်။

မြန်မာနိုင်ငံအပါအဝင် လွတ်လပ်ရေး တိုက်ယူခဲ့ရသော ကမ္ဘာ့နိုင်ငံများသည် မိမိတို့လက်ဝယ် ပြန်ရောက်လာသည့် လွတ်လပ်ရေးတည်းဟူသော အမြတ်တရရတနာကို ကြည့်မဝ၊ ရှုမဝဖြစ်နေကြရဆဲ၊ နယ်ချဲ့တို့ စုပ်ယူထုတ်သွားသဖြင့် အခွံချည်းကျန်သော မိမိတို့နိုင်ငံများကို ပြန်လည်အားဖြည့်ထူထောင်ရဆဲဖြစ်ကြသည်။ နယ်ချဲ့သမားတို့ ချိန်ကိုက်ဗုံးပမာထောင်ထားခဲ့သော အချင်းချင်း သံသယပွား၊ သွေးကွဲ တိုက်ခိုက်နေရမှုများ၊ နယ်ချဲ့အဟောင်းတို့ စတင်စိုက်ပျိုးစီးပွားရှာခဲ့သော နိုင်ငံများစွာမှ နယ်စပ်ဘိန်းခင်းများ နယ်ချဲ့လက်သစ်တို့ အခမ္ဘသွတ်သွင်းလာသော ဘိန်းဖြူပြဿနာ၊ စိတ်ကြွရူးသွပ်ဆေးပြဿနာများ၊ ရပြီးသားလွတ်လပ်ရေးကို ကြွေပန်းကန်တစ်ချပ်သမံတလင်းကြမ်းခင်းအမာပေါ် ကျကွဲဘိသို့ ပြိုကွဲသွားအောင် နည်းမျိုးစုံဖြင့် ပိတ်ဆို့နှောင့်ယှက်ဖြိုခွဲနေမှုများကို ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ထူထောင်ရေးကာလမှာပင် ကြုံတွေ့ရင်ဆိုင်နေကြရသည်။

အချုပ်အခြာအာဏာရပ်တွင် ဥပဒေဟူသည် ပါဝင်၏။ ထိုဥပဒေကို ဥပဒေပြုရန်တာဝန်ကျသူကပြု၊ ဥပဒေစိုးမိုးမှုဖြင့် ထိုဥပဒေများကို လက်ကိုင်ပြုပြီး နိုင်ငံတည်ငြိမ်အေးချမ်းအောင်၊ လုံခြုံအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ စီမံအုပ်ချုပ်ရန်တာဝန်ကျသူက အုပ်ချုပ်၊ ဥပဒေချိုးဖောက်သူများက လူ့အသိုက်အဝန်း၏ အေးချမ်းလုံခြုံမှု မပျက်ပြားအောင်၊ ဥပဒေပါအခွင့်အရေးများခံစားနိုင်အောင်၊ ဥပဒေနှင့်အညီ တရားစီရင်ရေး တာဝန်ကျသူက စီရင်ကြရပေသည်။ ဤသည်မှာ အချုပ်အခြာအာဏာကို ကျင့်သုံးခြင်းပင် ဖြစ်သည်။

အချုပ်အခြာအာဏာပိုင်သူက ထိုအာဏာသုံးရပ်ကို ကျင့်သုံးရလေသည်။ မြန်မာနိုင်ငံသည် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သည့်နိုင်ငံဖြစ်၍ ထိုအချုပ်အခြာအာဏာကို မြန်မာတို့ကသာ ကျင့်သုံးကိုင်တွယ်လျက်ရှိသည်။ ကမ္ဘာတွင် အစိုးရပုံစံမတူ ကွဲပြားမှုက ထွေပြားလှသည်။ မည်သည့်အစိုးရပုံစံဖြင့် အုပ်ချုပ်သည်ဖြစ်စေ မြန်မာနိုင်ငံ မြန်မာပြည်သူအကျိုးကို ဖြည့်စွမ်းသော မြန်မာအစိုးရပုံစံတစ်မျိုးမျိုးဖြစ်ဖို့သာလိုသည်။ မြန်မာတို့ကို မြန်မာအချင်းချင်းက မအုပ်ချုပ်ဘဲ တိုင်းတစ်ပါးသားက အုပ်ချုပ်ပြီ၊ တရားစီရင်ပြီ၊ ဥပဒေပြုပြီဆိုလျှင် မြန်မာတို့ ကျွန်ပြန်ဖြစ်ပြီဟု မှတ်ယူရန်သာရှိသည်။ ဘုရင်စနစ်၊ စည်းမျဉ်းခံဘုရင်စနစ်၊ သမ္မတအုပ်စိုးသောစနစ်၊ ဝန်ကြီးချုပ်ဦးဆောင်သော ပါလီမန်ဒီမိုကရေစီ၊ တစ်ပါတီအစိုးရ၊ အာဏာရှင် အစိုးရ၊ စစ်တပ်က အုပ်စိုးသော အစိုးရ စနစ်မျိုးစုံရှိသည်။

စစ်တပ်က အာဏာရယူရာ၌ တိုင်းတစ်ပါး၏ ပယောဂဖြင့်၊ ကြိုးကိုင်မှုဖြင့် သိမ်းခြင်းမျိုးရှိသကဲ့သို့ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ကျွန်ပြန်မဖြစ်ရန်၊ နိုင်ငံပြိုကွဲခြင်းမှ ကာကွယ်ရန်၊ ပြည်သူတို့အား သွေးချောင်းစီးမှု၊ အကြမ်းဖက်သောင်းကျန်းမှု၊ ပြည်ပကျူးကျော်မှုမှ ကာကွယ်ရန်၊ ပြည်သူကို ကာကွယ်ရန် နိုင်ငံတာဝန်ကို အမျိုးသားရေးတာဝန်အဖြစ် မလွှဲမရှောင်သာယူရသော စစ်အစိုးရပုံစံမျိုးလည်းရှိသည်။ အနောက်နိုင်ငံကြီးများက ဖန်တီးသော စစ်အာဏာသိမ်းပွဲများလည်း ဤကမ္ဘာတွင် ရာနှင့်ချီ၍ ရှိခဲ့သည်။ ယနေ့တိုင် နိုင်ငံရေးအစိုးရကို (လူထုကရွေးချယ်သော ဒီမိုကရေစီအစိုးရကို)ဖြုတ်ချပြီး တက်လာသော စစ်အစိုးရမျိုးရှိသည်ကိုလည်း တွေ့ရသည်။

အနောက်နိုင်ငံကြီးများက မကြိုက်သည့် သို့မဟုတ် ယခင်ကကြိုက်သော်လည်း နောက်ပိုင်း မကြိုက်တော့သည့် အစိုးရများကို စစ်တပ်ကဖြုတ်ချအာဏာသိမ်းရန် အနောက်ကပင် ခလုတ်နှိပ်တတ်၏။ ထိုအခါမျိုးတွင် ထိုစစ်အစိုးရသည် အနောက်၏ ကျောသပ်ချီးကျူးအားပေးခြင်းပင်ခံခဲ့ရသည်။ ကွန်ဂိုဝန်ကြီးချုပ် ပက်ထရစ် လူမွမ်ဘာကို ဖြုတ်ချပြီး ဒု-ဗိုလ်မှူးကြီး မိုဘူတူက အာဏာသိမ်းရန် အနောက်ကပင်ညွှန်ကြားဗန်းတင်ပေးခဲ့သည်။ တောင်ဗီယက်နမ်သမ္မတ ငိုဒင်ဇင်ကိုဖြုတ်ချပြီး ဗိုလ်ချုပ် ဒေါင်ဗန်မင်းအား အာဏာသိမ်းခိုင်းခဲ့သည်မှာလည်း အနောက်က ဆရာကြီးများပင် ဖြစ်သည်။

လူထုသန်းပေါင်းဒါဇင်ချီပြီး ရွေးကောက်လိုက်သော သမ္မတများ၊ ဝန်ကြီးချုပ်များ၊ အစိုးရများသည် အနောက်က အားပေးသော လူထောင်ဂဏန်း၊ သောင်းဂဏန်းက ဆန္ဒပြအော်ထုတ်ရုံနှင့် ရာထူးမှ ဆင်းပေးနေရသည်ကိုလည်း မကြာခဏ တွေ့နေရပေသည်။ ထိုသို့ လူနည်းစုဆန္ဒပြရုံဖြင့် လူများစုကတင်မြှောက်ထားသော အစိုးရများ တဖြုတ်ဖြုတ်ပြုတ်ကျအောင်လည်း အနောက်ကပင် ဘေးတီးပေး၏။ တစ်ခါတစ်ရံ ဟန်ပင်မလုပ်နိုင်တော့ဘဲ ဘယ်နိုင်ငံ၊ ဘယ်အစိုးရဆင်းပေး၊ ဘယ်ခေါင်းဆောင်နုတ်ထွက်တော့ဟုပင် စွက်စွက်ဖက်ဖက် အမိန့်ပေးသလိုလုပ်ကြသည်။

အရေးကြီးသည်မှာ နိုင်ငံတော်တစ်ခု၏ အချုပ်အခြာအာဏာကို ယင်းနိုင်ငံသားများကပိုင်ဆိုင် ကိုင်တွယ်ထားနိုင်ရေးသာဖြစ်သည်။ အစိုးရပုံစံမှာ အကြောင်းမဟုတ် နိုင်ငံခြားသားက လာမအုပ်ချုပ်ရန်သာ အရေးကြီးသည်။ အစိုးရအဖွဲ့တစ်ဖွဲ့သည် နိုင်ငံသားတို့အကျိုးစီးပွား ရှေးရှုဆောင်ရွက်မည်၊ နိုင်ငံတကာနှင့် ကုလသမဂ္ဂကလည်း ယင်းအစိုးရအား ယင်းကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလျှင် ပြီးပြည့်စုံ သွားပေပြီ။ ဟိုနိုင်ငံ၊ သည်နိုင်ငံက ထိုအစိုးရကို ကြိုက် မကြိုက်မှာ အရေးမကြီး၊ သူတို့အလုပ်လည်းမဟုတ်ပေ။

အစိုးရဟူသည် ဥပဒေနှင့်အညီအုပ်ချုပ်သည်။ ထိုဥပဒေကို ဥပဒေပြုအာဏာပိုင်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ပြုလုပ်ပြဋ္ဌာန်းသည်။ တရားရုံးများက ထိုဥပဒေနှင့်အညီ တရားစီရင်သည်။ ဥပဒေပညာရှင်များက ဥပဒေဟူသည် နိုင်ငံနှင့် နိုင်ငံသားတို့ လုံခြုံရေး၊ အေးချမ်းရေး၊ ပိုင်ရေးဆိုင်ခွင့်များ ရရှိပိုင်ဆိုင်ရေးအတွက် ဤသို့ပြုလုပ်ရမည်၊ သို့မဟုတ် မပြုလုပ်ရ၊ ရှောင်ရမည်ဟု ဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းထားသော စည်းမျဉ်းပင် ဖြစ်သည်။ ဥပဒေကို လိုက်နာသူများအား နိုင်ငံတော်နှင့် ဥပဒေက ကာကွယ်ပေးသည်။ ဥပဒေချိုးဖောက်သူများအား ဥပဒေစိုးမိုးရေး တာဝန်ရှိသူများက ဖမ်းဆီးကာ တရားရုံးသို့ တရားစွဲဆိုတင်ပို့မည်။ နိုင်ငံတစ်ခုတွင်ဥပဒေကိုချိုးဖောက်ခွင့်မည်သူ့တွင်မျှမရှိဟုတစ်ကမ္ဘာလုံးက တူညီစွာခံယူထားကြသည်။ မည်သည့် အယူအဆ၊ ဝါဒ၊ စနစ်၊ ကိုးကွယ်မှု၊ ကြွေးကြော်သံကမှ ဥပဒေချိုးဖောက်နိုင်သည်ဟူသော အခွင့်အရေးမျိုး မည်သူ့ကိုမှ ပေးမထားချေ။

ထိုဥပဒေများ၏ သဘောသဘာဝ၊ အချုပ်အခြာအာဏာ၏ သဘောသဘာဝအရ လွတ်လပ်သောနိုင်ငံတိုင်း ဥပဒေပြုခွင့်၊ ဥပဒေအရအုပ်ချုပ်ခွင့်၊ ဥပဒေနှင့်အညီ တရားစီရင်ခွင့်ရှိသည်။ နိုင်ငံတစ်ခုမှဥပဒေသည် နိုင်ငံရပ်ခြားသို့ရောက်ရှိနေသော မိမိနိုင်ငံသားအပေါ်၌ပါ အာဏာတည်လေသည်။ ဥပမာ ပြည်တွင်း၌ လူသတ်၊ လုယက်မှု စသည်တို့ကျူးလွန်ပြီး ပြည်ပသို့ထွက်ပြေးရုံဖြင့် မလွတ်နိုင်ပေ။ တရားခံပြေး၊ ဝရမ်းပြေးအဖြစ် လိုက်လံဖမ်းဆီး တရားစီရင်ရသည်။ သို့သော် အခြားနိုင်ငံသားများက ယင်းနိုင်ငံတွင်းသို့ လာရောက်ကာ ဥပဒေချိုးဖောက်ခြင်းမျိုးမဟုတ်လျှင် ထိုသူ့နိုင်ငံတွင် အေးအေးဆေးဆေး နေထိုင်သူများကို ကိုယ့်နိုင်ငံဥပဒေနှင့် ငြိစွန်းသည်ဟုဆိုကာ သွားရောက်ဖမ်းဆီး အပြစ် မပေးနိုင်ချေ။ ဥပမာအားဖြင့် မြန်မာနိုင်ငံတွင်မူးယစ်ဆေးဝါးတရားမဝင်သုံးစွဲ၊ ရောင်းဝယ်၊ လက်ဝယ်ထားသူများကို ထောင်ဒဏ်ငါးနှစ်မှ ထောင်ဒဏ်နှစ် ၂၀၊ နှစ်အကန့်အသတ်မရှိ၊ သေဒဏ်အထိ ချမှတ်နိုင်သော ဥပဒေရှိသည်။ ထိုဥပဒေကိုကိုင်ပြီး နိုင်ငံခြား တိုင်းပြည်များမှ ဘိန်းစားများကို လိုက်လံဖမ်းဆီး အပြစ် မပေးနိုင်ပေ။ ဤသည်မှာ မိမိနိုင်ငံကပိုင်သော အချုပ်အခြာ အာဏာကို တခြားနိုင်ငံအပေါ် ကျူးကျော်သုံးစွဲခွင့်မရှိသည့် သဘောလက္ခဏာဖြစ်သည်။

၁၉၆၁ ခုနှစ်တွင် ကျူးဘားနိုင်ငံက ဆိုရှယ်လစ်စီးပွားရေးစနစ် ကျင့်သုံးခဲ့ရာ နိုင်ငံတွင်းရှိ ပြည်တွင်း၊ ပြည်ပအရင်းရှင်တို့၏ စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီကြီးများကို ပြည်သူပိုင်သိမ်းခဲ့ရာ အမေရိကန်လုပ်ငန်းအချို့ ပါဝင်ခဲ့သည်။ အမေရိကန်က ထိုအချိန်မှစပြီး ကျူးဘားကို စီးပွားရေး ပိတ်ဆို့ခဲ့သည်။ အရှေ့အာရှနိုင်ငံများ၊ ဥရောပနိုင်ငံများနှင့် မြောက်အမေရိက၊ တောင်အမေရိကနိုင်ငံများမှ ကုမ္ပဏီရာပေါင်းများစွာက ကျူးဘားတွင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လာသောအခါ အမေရိကန်အမတ် ဟဲလ်မ်းနှင့် ဘာတန်တို့က ကျူးဘားရှိ ယခင်အမေရိကန်တို့ လုပ်ကိုင်ခဲ့ဖူးသည့် ကုမ္ပဏီနေရာများသို့ ဝင်ရောက်လုပ်ကိုင်သော မည်သည့်နိုင်ငံမှ ကုမ္ပဏီမဆို အမေရိကန်ဥပဒေအရ အမေရိကန်တရားရုံးတွင် တရားစွဲမည်ဟူသောဥပဒေကို တင်သွင်းပြဋ္ဌာန်းခဲ့၏။ ယင်းဥပဒေကို အိမ်နီးချင်းကနေဒါနှင့် မက္ကဆီကိုက ဒေါသတကြီးဆန့်ကျင်၏။ ဥရောပမဟာမိတ်များက သူတို့အကျိုး ထိပါးလာသဖြင့် အမေရိကန်၏ အချုပ်အခြာအာဏာသည် အတ္တလန္တိတ်သမုဒ္ဒရာ ဖြတ်ကျော်လာခွင့်မရှိဟုဆိုကာ ဆန့်ကျင်ငြင်းဆန်ကြသည်။ အမေရိကန်သမ္မတ ဘီလ်ကလင်တန်က ထိုဥပဒေ အကောင်အထည်ဖော်ကျင့်သုံးမှုကို ရွှေ့ဆိုင်းခဲ့သည်။

အီရန်နှင့် လစ်ဗျားနိုင်ငံတို့မှ ရေနံလုပ်ငန်းများတွင် မည်သည့်နိုင်ငံကမှ ဒေါ်လာသန်း ၂၀၀၀၀ ထက်ပို၍ ရင်းနှီးမြှုပ်နှံခြင်းမပြုရဟု အမေရိကန်က ဥပဒေဖြင့် ဟန့်တားခဲ့ပြန်သည်။ ထိုဥပဒေကို မလိုက်နာသော နိုင်ငံများကို အမေရိကန်ဥပဒေအရအရေးယူမည်ဟုဆိုပြန်သည်။ ပြင်သစ်က အမေရိကန်တို့တွင် ထိုသို့ဥပဒေနယ်ကျော်ခွင့်မရှိဟု တုံ့ပြန်ကာ ယင်းနိုင်ငံရေနံလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှု လုပ်ခဲ့သည်။

အမေရိကန်သမ္မတ ရော်နယ်ရီဂင်လက်ထက် ၁၉၈၂ ခုနှစ်က ဆိုဗီယက်ပြည်ထောင်စုတွင် ရေနံပိုက်လိုင်း တည်ဆောက်ပေးနေသည့် နိုင်ငံခြားကုမ္ပဏီအပေါ် ဟန့်တားမှု၊ ပိတ်ဆို့မှုများတိုးမြှင့်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုလုပ်ရပ်မှာ မိမိတို့အကျိုးစီးပွားများကို ထိခိုက်လာသည့်အပြင် မိမိတို့၏ အချုပ်အခြာအာဏာကိုပါ ထိပါးခြင်းဖြစ်သည်ဟု ယူဆပြီး ဂျာမဏီ၊ ပြင်သစ်၊ ဗြိတိန်နိုင်ငံတို့က အမေရိကန်နိုင်ငံ၏ ထိုပိတ်ဆို့မှုအစီအစဉ်တွင် မပါဝင်နိုင်ဟု ကြေညာခဲ့ဖူးသည်။ ဤသည်များမှာ လွတ်လပ်သောနိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာသည် ယင်းနိုင်ငံပိုင်နက်နယ်မြေတစ်ခုလုံး၌ ပျံ့နှံ့တည်ရှိသော်လည်း မိမိနိုင်ငံနယ်နိမိတ်ကိုကျော်ပြီး အခြားနိုင်ငံများအပေါ် ကျူးကျော်ကျင့်သုံးခြင်းမပြုနိုင်၊ မိမိတို့ပိုင်သော အချုပ်အခြာအာဏာဖြင့် အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာကို ထိပါးခွင့်၊ ကျူးကျော်ရိုက်ချိုးခွင့်၊ စော်ကားခွင့်မရှိဟု နိုင်ငံတကာ၏ သဘောထားအဖြစ်ကို ဖော်ပြနေခြင်း ဖြစ်ပေသည်။ ဤအချုပ်အခြာအာဏာ၏ သဘောတရား များ၊ အခြေခံများရေးသားတင်ပြရခြင်းမှာ အကြောင်းရှိပါ၏။ အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံအပေါ် အမေရိကန်အမတ်တစ်စုက ထုံးစံအတိုင်း ပိတ်ဆို့ရေး ဥပဒေတင်သွင်းလာသဖြင့် အချုပ်အခြာအာဏာ သဘောတရားဖြင့် ကိုက်ညှိချိန်ထိုးကြည့်နိုင်ရန် ရည်ရွယ်ကာ ဤဆောင်းပါး ရေးသားတင်ပြခြင်းဖြစ်ပါသည်။

ဤဥပဒေ၏အမည်ကပင်မြန်မာ့အချုပ်အခြာအာဏာကို ထိပါး ထိုးနှက်ထားသည်ကို တွေ့ရ၏။ ထိုဥပဒေအမည်မှာ Burmese Freedom and Democracy actof 2003 (မြန်မာနိုင်ငံလွတ်မြောက်ရေးနှင့် ဒီမိုကရေစီရေး ၂၀၀၃ အက်ဥပဒေ)ဟူ၍ဖြစ်သည်။ မြန်မာနိုင်ငံက ကမ္ဘာကို တရားဝင်အသိပေးကြေညာထားသည့် နိုင်ငံအမည် Myanmar (မြန်မာ)ဟုမသုံးနိုင်ဘဲ ကိုလိုနီခေတ်ကအခေါ် Burmese ဟုသုံးထားသည်ကပင် မြန်မာပြည်သူတို့၏ နားရွက်ကို တံတွေးဆွတ်လိုက်လေသည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသည် လုံးဝလွတ်လပ်ရေး၊ အမှီအခိုကင်းသောလွတ်လပ်ရေး Independent ဖြစ်သည်။ ဗြိတိသျှနယ်ချဲ့တို့ထံမှ မြန်မာတိုင်းရင်းသားစုံမျိုးချစ်များ အသက်ပေးတိုက်ယူခဲ့သော လွတ်လပ်ရေးဖြစ်သည်။ ဤကဲ့သို့ လုံးဝလွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သောနိုင်ငံ၏ လွတ်မြောက်ရေး (Freedom) နှင့် ဒီမိုကရေစီရေးအက်ဥပဒေဟု နာမည်တပ်ထားခြင်းကပင် ရိုးဖြောင့်ခြင်းမရှိချေ။ ယနေ့ မြန်မာ တိုင်းရင်းသားလူမျိုးတစ်ရာကျော်သည် မကြုံစဖူးငြိမ်းချမ်း၏။ ဖွံ့ဖြိုးတိုးတက်မှုများကို ခံစားနေကြရ၏။ လွတ်လွတ်လပ်လပ်ငြိမ်းချမ်းသာယာစွာ လုံခြုံစွာသွားလာနိုင်ကြ၏။ မြန်မာတို့အတွက် နောက်ထပ်လွတ်မြောက်ရေး Freedom လိုအပ်ချက်မှာ တစ်ခုသာရှိ၏။ မကူညီလျှင်နေပါ၊ မနှောင့်ယှက်ပါနှင့်ဟူသော ဆိုရိုးစကားကဲ့သို့ ပြည်ပမှ စွက်ဖက်နှောင့်ယှက်ဟန့်တားမှုများ၊ ပြည်တွင်းပြည်ပပူးပေါင်းဖန်တီးသော တိုင်းဆူပြည်ဖျက်လုပ်ရပ်များမှ လွတ်မြောက်ခွင့်သာ အမှန်လိုအပ်၏။

လုံးဝလွတ်လပ်သော (Independent) နိုင်ငံတစ်ခုအား နောက်ထပ်လွတ်မြောက်ရေး (Freedom) လုပ်ပေးလိုသည်ဆိုခြင်းမှာ လုံးဝအဓိပ္ပာယ်မရှိ၊ ရှိပြီးသားလွတ်လပ်ရေးကို အဓိပ္ပာယ် ရှုပ်ထွေးအောင် နိုင်ငံရေးပဋ္ဌလက်နည်းဖြင့် ဖျက်လိုဖျက်ဆီး လုပ်တော့မလိုလားဟု တွေးဆစိုးရိမ်ဖွယ်ဖြစ်လာသည်။ မြန်မာတို့အနေဖြင့် မြန်မာကိုယ်ပိုင် လုံးဝလွတ်လပ်ရေးနဲ့ပဲ အေးအေးနေပါရစေဟုပြောကာ အနောက်ကကိုလိုနီစော်နံသော၊ Freedom သော Democracy သောကန်တော့ဆွမ်းပါဟုပြောလိုက်ဖို့ရှိတော့သည်။ မြန်မာတို့လိုချင်သော ဒီမိုကရေစီဆိုသည်မှာ ကျွန်စော်မနံ၊ သခင်စော်နံမွှေးသည့် စည်းကမ်းကျနသော ဒီမိုကရေစီ အစစ်သာ ဖြစ်ပါသည်။

ယင်းဥပဒေတွင် မြန်မာနိုင်ငံအပေါ် ပြည်ပြေးများ၊ သောင်းကျန်းသူများက ကလိမ်ကကျစ် စွပ်စွဲချက်များ၊ အခြေအမြစ်မရှိသော ကောလာဟလဓာတ်ပြားဟောင်းကြီး ပြန်ဖွင့်ကာ မြန်မာနိုင်ငံ၌ ဒီမိုကရေစီမရှိ၊ လူ့အခွင့်အရေးချိုးဖောက်၊ အဓမ္မလုပ်အားပေးခိုင်း၊ နယ်စပ်၌ အဓမ္မကျင့်၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအရွေးခံရသူများကို အာဏာမအပ် စသည်တို့ကို အမတ်မင်းများက မျက်စိမှိတ်ယုံကြည်ကာ ပြည်ပြေးတို့၏ စွပ်စွဲချက်များကို အမတ်မင်းတို့၏ စွပ်စွဲချက်အဖြစ် ဖော်ပြစွပ်စွဲသည်။

မြန်မာနိုင်ငံတွင် ဆိုခဲ့သည့်အတိုင်း တည်ငြိမ်အေးချမ်းလျက်ရှိနေသည်။ လမ်းတံတားသစ်များကြောင့် သွားလမ်း၊ လာလမ်း၊ ရောင်းပန်း၊ ဝယ်ပန်းပွင့်လန်းလျက်ရှိနေသည်။ ဤအခြေအနေကို ဖျက်လိုဖျက်ဆီးလုပ်ပြီး သောင်းကျန်းသူတို့က တိုင်းရင်းသား ပြည်သူများအား အကြမ်းဖက်တိုက်ခိုက် သတ်ဖြတ်လိုက်၊ ပြည်ပမှ ပွက်ပွက်ညံအောင် စွပ်စွဲ၊ အပုပ်ချ၊ တိုက်ကွက်ဆင်လိုက်၊ ပြည်တွင်းမှဆူပူမှု ဖန်တီးလိုက်ဖြင့် ဥပဒေကို ချိုးဖောက်လာကြသည်။ ပြည်ပ နိုင်ငံသားများကို မြန်မာ့ဥပဒေဖြင့် အရေးမယူနိုင်ပါ။ သို့သော် ပြည်သူတို့ရင်တွင်း၌ ယင်းပြည်ပလုပ်ရပ်များကို စက်ဆုပ်ရွံရှာလာကြသည်။ ပို၍ပို၍ ရွံလာကြသည်။ သောင်းကျန်းသူများကလည်း ပြည်တွင်း အလစ်ဝင် အကြမ်းဖက် ဖောက်ခွဲသတ်ဖြတ်လိုက်၊ ဥပဒေ ချိုးဖောက်လိုက်၊ တစ်ဖက်နိုင်ငံတွင်း ဝင်ပြေးလိုက်ဖြင့် မြန်မာ့ဥပဒေနှင့် အလှမ်းမမီအောင် လုပ်ပြနေသည်။ သို့သော် သူတို့ ဥပဒေ ချိုးဖောက်မှုများ တစ်ခါလုပ်၊ ပြည်တွင်း၌ သူတို့အတွက်တစ်မှုတိုး ဖြစ်နေသည်ကို သတိမူသင့်သည်။

❐ စာမျက်နှာ ၇ ကော်လံ ၁ သို့

သာသနာ့သာစည် ကျောင်းတိုက် တရားစခန်းပွဲ

ရန်ကုန်　ဩဂုတ်　၈

ဒဂုံမြို့သစ်အရှေ့ပိုင်း (၁၂)ရပ်ကွက် သာသနာ့သာစည် ကျောင်းတိုက်ကြီးတွင် နာယကဆရာတော်နှင့် ဘဒ္ဒန္တ ဇနက (သာသနဓဇ ဓမ္မာစရိယ)တို့သည် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားကို ဩဂုတ် ၉ ရက်မှ ၁၅ ရက်အထိ ဟောကြားပြသမည်ဖြစ်၍ ဆွမ်းဘောဇဉ်အာဟာရတို့ကို လှူဒါန်းလိုပါက ဖုန်း-၅၈၀၀၇၅နှင့် ၅၈၀၁၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

မျက်လုံးရပြီ မျက်စိရပြီ

ဦးမြဲအောင်

သတင်းစာမှာ ဖော်ပြဖို့ ရေးပို့လိုက်ပေမယ့် ရေးတတ်လို့ရေးခြင်းတော့ မဟုတ်ပါဘူးခင်ဗျာ။ သာမန်တောသူတောင်သားတစ်ယောက်က ရင်ဖွင့် ဆန္ဒဖော်ထုတ်တဲ့ သဘောလို့ပဲ ယူဆစေချင်ပါတယ်။ ဆောင်းပါးရယ်လည်း မရေးတတ်ပါဘူး။ အော်သံအခန်းက ထည့်ချင်ထည့်ပေရော့။ သို့သော် ဘာလုပ်ပေးပါ၊ ညာလုပ်ပေးပါ တောင်းဆိုတင်ပြတဲ့ အော်သံတော့ မဟုတ်ပါဘူးဗျနော်။ ကျွန်တော်တို့ ရင်ထဲမှာ ပေါ်ပေါက်နေတဲ့အမြင်ကို ပွင့်ပွင့်လင်းလင်း တင်ပြခြင်းဗျို့။

ကျွန်တော်တို့ရွာတွေမှာ အရင်က သတင်းစာမရပါဘူး။ ဟော-ခုတော့ ကျွန်တော်တို့ရွာကြီးတွေ မဆိုထားနဲ့ အိမ်ခြေတစ်ရာကျော် တစ်ရာ့အစိတ်ရှိတဲ့ ရွာတွေတောင် နေ့စဉ်သတင်းစာ ဖတ်နေနိုင်ပြီ။ ဟန်ကျသဗျာ။ နေ့လယ် နေ့ခင်းဆို ယာကပြန်လာ၊ လုပ်စရာကိုင်စရာတွေသိမ်းပြီးတာနဲ့ ရပ်ကွက်ကောင်စီရုံးသွားပြီး စာဖတ်ခန်းက သတင်းစာဖတ်ကြတော့တာပဲ။

ရေဒီယိုလည်း နားထောင်ကြပါတယ်။ အောလ်အင်ဒီးယား၊ ဖိလစ်ပိုင်၊ ဘီဘီစီ၊ ဗွီအိုအေ၊ အာအက်ဖ်အေ အကုန်ဖမ်းကြတာပဲ။ ရွာထဲမှာ ရေဒီယိုတွေ အများကြီးရှိသလေ။ မြန်မာ့အသံကိုတော့ အများဆုံး နားထောင် ကြပါတယ်။

သတင်းစာကတော့ အချက်အလက်ခိုင်ခိုင်မာမာ ရှိတာတွေ့ရတယ်ဗျ။ တချို့ရေဒီယိုတွေက အထင်တွေ၊ မှန်းဆချက်တွေ၊ ဆန္ဒစွဲတွေ၊ မလိုတမာ ပုတ်ခတ်ချိုးနှိမ်တာတွေ၊ ခြိမ်းခြောက်စော်ကားတာမျိုးတွေပါတော့ လူတွေက အော့ကြောလန်ကုန်ရော။ သူက ဆဲတာနည်းနည်း ရိုင်းရိုင်းစိုင်းစိုင်းတွေလည်း ပါတတ်တော့ နားကလောတာပေါ့ဗျာ။

လူပဲဗျာ။ ထမင်းစားနေကြတဲ့ ဥစ္စာ။ သူတို့လေသံက ဘယ်လောက်တောင်အပေါ်စီးဆန်ပြီး အထက်စီးနင်းဗိုလ်ကျချင်နေဟန်ပေါက်နေပုံမျိုး နားလည်တာပေါ့။ ဟ- ကျုပ်တို့ကလည်း ကျေးလက်တောရွာမှာနေကြပေမယ့် လူအ လူပြိန်းတော့ မဟုတ်ကြတော့ပါဘူး ငါ့လူရ။

သတင်းစာအကြောင်းပြောမလို့ပါ။ ရေဒီယိုကိစ္စရောက်သွားတယ်။ တောင်းပန်ပါတယ်ဗျာ။ အရင်က သတင်းစာဖတ်ချင်ပေမယ့် ခက်ခဲလွန်းလို့ မရခဲ့ဘူး။ အခု ဧပြီလမှစပြီး ရွာတွေမှာ သတင်းစာ တစ်ရွာတစ်စောင် အနည်းဆုံးရကြပြီ။ အချို့ရွာဆို ကျောင်းအတွက်တစ်စောင်၊ ရွာအတွက် တစ်စောင်။ ကြေးမုံကော၊ မြန်မာ့အလင်းကော ရနေပြီ။

ကမ္ဘာ့သတင်းတွေ ကျွန်တော်တို့ သိပ်ပြီးစိတ်ဝင်စားတယ်။ အရမ်းဗဟုသုတရတယ်ဗျာ။ နိုင်ငံတကာက ပြောကြဆိုကြ၊ ဝေဖန်သုံးသပ်ကြတာတွေ အမြန်ဆုံးသိရ၊ ဖတ်ရတယ်။ အလွန်ဟန်ကျနေပါတယ်ဗျာ။

တချို့တိုင်းပြည်တွေဆို သိပ်သနားဖို့ကောင်းတယ်ဆရာ။ တချို့တိုင်းပြည်တွေကျတော့ ရက်စက် ကြမ်းကြုတ်လွန်းလို့ လူတွေမှ ဟုတ်ကြရဲ့လား။ ဘီလူးသဘက်တွေလားလို့ ထင်မှားမိရဲ့ဗျာ။ ဆရာရယ် ဒုစရိုက်တရားတွေ အကုန်သိမ်းကျုံး လုပ်နေကြတော့တာကိုး။

၁။ သူတစ်ပါးရဲ့ပစ္စည်းဥစ္စာကို မတရားယူဖို့ ကြံစည်တယ်(အဘိဇ္ဈာ)
၂။ သူတစ်ပါးပျက်စီးအောင်ကြံတယ်(ဗျာပါဒ)
၃။ မှားယွင်းတဲ့အယူအဆရှိတယ်(မိစ္ဆာဒိဋ္ဌိ)
၄။ သတ္တဝါကိုသတ်ဖြတ်တယ်(ပါဏာတိပါတ)
၅။ သူတစ်ပါးဥစ္စာမတရားယူတယ်(အဒိန္နာဒါန)
၆။ သူတစ်ပါးသားမယား ဖျက်ဆီးတယ်(ကာမေသု)
၇။ မဟုတ်မမှန်(သိလျက်) စွပ်စွဲပြောဆိုတယ်(မုသာဝါဒ)
၈။ ကုန်းချောတဲ့စကားတွေပြောတယ်(ပိသုဏာဝါစာ)
၉။ ကြမ်းတမ်းခြိမ်းခြောက်တဲ့စကားတွေကိုပြောတယ်(ဖရုသဝါစာ)
၁၀။ အကျိုးမရှိ၊ အနှစ်မပါတဲ့ စကားမျိုးတွေ ပြောဆိုကြတယ် (သမ္ဖပ္ပလာပဝါစာ)

ဟာဗျာ-တော်တော်ရဲကြီးမယ့် အလုပ်မျိုးတွေကို မရှက်မကြောက် လုပ်နေကြတာ တအံ့တသြ မြင်ရတွေ့ရတာတွေ ဘဝသင်ခန်းစာပေါ့ဗျာ။ လူချင်းတူပေမယ့် အသက်ရှူပုံချင်း တော်တော်ကွဲတာပဲနော်။

ကျွန်တော်တို့ ရွာဦးကျောင်းက ဆရာတော်က အမြဲပဲဟောပါတယ်။ ကောင်းမှုသုစရိုက်တရားတွေကို နည်းများမဆို တတ်နိုင်သမျှ ကြိုးစားပြုလုပ်ကြဖို့၊ အကုသိုလ်ဒုစရိုက်အလုပ်မျိုးကို ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ရှောင်ကြဉ်ကြဖို့။ မကောင်းမှုကော၊ ကောင်းမှုကော အရာရာဟာ တူသော အကျိုးကို ပေးတယ်တဲ့။ မိမိနောက်ကို ထက်ကြပ်မကွာ လိုက်ပါတယ်။

အဝိဇ္ဇာမောဟတွေ ဖုံးနေတော့ လောဘမွန်၊ ဒေါသမွန်နေတာ။ ကျွန်တော်တို့ မြင်ရ၊ သိရတာပေါ့။ တရားသံတွေ ပါနေလို့ ဘုန်းကြီးလူထွက်လားတော့ မထင်နဲ့ဆရာ။ ဘုန်းကြီးကျောင်းထွက်ပါ။ ကျွန်တော်တို့မှာ ရာနှုန်းပြည့် မကျင့်သုံးနိုင်သေးပေမယ့် အသိပညာအတွေးအခေါ်မှာ စံထားစရာတွေက ရှိကြပြီးသား ဆရာရဲ့။ ဥပမာ - သူတော်ကောင်း ဥစ္စာ ခုနစ်ဖြာ။

(၁) သဒ္ဓါ= ရတနာသုံးပါး၌ ယုံကြည်ခြင်း
(၂) သီလ= ကိုယ်ကျင့်တရား၊ စာရိတ္တ ဖြူစင်ဖြောင့်မတ်ခြင်း
(၃) သုတ= အကြားအမြင် ဗဟုသုတများခြင်း
(၄) စာဂ= လှူဒါန်း၊ ပေးကမ်း၊ ဝေငှခြင်း
(၅) ပညာ= အကောင်းအဆိုး၊ အကျိုးအပြစ် စိစစ်ဝေဖန်ပိုင်းခြားတတ်ခြင်း
(၆) ဟိရီ= မကောင်းမှုပြုရမှာ ရှက်ခြင်း
(၇) ဩတ္တပ္ပ= မကောင်းတဲ့အပြုအမူတွေ ပြုလုပ်ရမှာကို ကြောက်တတ်ခြင်း

ဒီလိုအဖိုးတန်တဲ့ အဆုံးအမတွေနဲ့ တစ်သက်လုံးနေလာခဲ့ကြတဲ့ ကျွန်တော်တို့လူမျိုးတွေအဖို့ရာ ကနေ့ဖြစ်ပေါ်နေတဲ့ နိုင်ငံတကာ မြင်ကွင်းကျယ်ကြီးဟာ သံဝေဂရစရာတွေပေါ့ ဆရာရယ်။

ကျွန်တော်က ဘယ်သူ့ဘက်ကမှ မဟုတ်ဘူးနော်။ မှန်တဲ့အတိုင်းပြောတာ။ ဘယ်သူသာစေ၊ ဘယ်သူနာစေလည်းမရှိဘူး။ မြင်တာကြားတာ ရင်ဖွင့်တာပဲ။ ကျွန်တော်တို့လိုဝေးလံသီခေါင်တဲ့ ကျေးရွာတွေအထိ သတင်းစာတွေရောက်ရှိအောင် ဆရာတို့စီမံစီစဉ်ပေးတာကို ကျေးဇူးတင်လွန်းလို့ဗျ။ ကျွန်တော်တို့တစ်ရွာလုံးက မေတ္တာပို့ပါတယ်။ မယက၊ ခယက၊ ပြန်ဆက်၊ သတင်းစာအယ်ဒီတာချုပ် စတဲ့စတဲ့ ပုဂ္ဂိုလ်အားလုံးကို ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။ ဘေးဘယာဝေးကွာကြပါစေကြောင်း ဆုတောင်းလျက် နိဂုံးချုပ်အပ်ပါတယ်။ ။

❒ **စာမျက်နှာ (၆) ဆောင်းပါးမှအဆက်**

ပြည်တွင်း၌ ဆူပူမှုဖန်တီး၊ ပြည်ပအားကိုးဖြင့် ဥပဒေချိုးဖောက်သူများကို ဒီမိုကရေစီဟုဆိုရုံဖြင့် အလွတ်ပေး၊ ထိုင်ကြည့်နေရမည်ဆိုလျှင် ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေး အာဏာသုံးရပ် (အချုပ်အခြာအာဏာ) စက္ကူစုတ်ဖြစ်ရတော့မည်။ ဒီမိုကရေစီရေးလှုပ်ရှားသူဆိုလျှင် အနောက်နိုင်ငံတွေမှာရော မည်သူ့ဥပဒေချိုးဖောက် ချိုးဖောက် အရေးမယူဘူးလားဟု မေးခွန်းထုတ်ရတော့မည်။ နိုင်ငံရေးသမားနာမည်ခံပြီး ဥပဒေချိုးဖောက်လျှင် သူတို့သည် ဥပဒေပြီးသွားရောလား၊ ဥပဒေချိုးဖောက်ခွင့် လိုင်စင်ရသွားရောလား၊ ထိုသို့ ဒီမိုကရေစီ နဖူးစည်းတပ်သူတိုင်းကို ဥပဒေချိုးဖောက်ခွင့်ပေးနိုင်သည် ဆိုလျှင် ကျေးဇူးပြုပြီး အဲဒီရာဇဝတ်သားတွေ လှမ်းခေါ်ပြီး ကျွေးထားပါဟု ပြောရတော့မည်။

မြန်မာနိုင်ငံ၏ ယနေ့အမျိုးသားရေး ရပ်တည်ချက် အပေါ် မကျေနပ်၍ အမျိုးသားရေး ရပ်တည်ချက်၏ ခေါင်သူကြီး(ဂေါင်သကြီး)ဖြစ်သော တပ်မတော်အစိုးရကို မကြိုက်၍ မြန်မာနိုင်ငံမှ ပစ္စည်းမဝယ်ဟုဆိုလျှင်ရပါသည်။ ဝယ်လိုမှသာ ဝယ်နိုင်ပါသည်။ အမေရိကန်နှင့် ဥပရောပမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခြင်းမပြုရဟု ကိုယ့်နိုင်ငံသားများအား တားမြစ်သည်ကိုလည်း မပြောလိုပါ။ တစ်ခုတော့ပြောချင်သည် အနောက်က နိုင်ငံရေးသမားတစ်စုကြောင့် အနောက်က စီးပွားရေးလုပ်ငန်းရှင်များ လွတ်လပ်စွာ စီးပွားရှာခွင့် ဆုံးရှုံးသွားရလေခြင်းဟု ကြားထဲကဝင်ပြီး စိတ်မကောင်း ဖြစ်လိုက်မိပါသည်။

သူတို့အနောက်တွင်ရှိနေသော မြန်မာနိုင်ငံမှ ငွေကြေး၊ ပစ္စည်းရပိုင်ခွင့်များကို ပိတ်ဆို့ချုပ်ကိုင်မည်၊ ချိပ်ပိတ်မည်ဆိုသည်ကမူ မြန်မာ့ပစ္စည်း၊ မြန်မာ့ခနေ လုယက်ခြင်း၊ ယုံကြည်အပ်နှံမှုဖောက်ဖျက်ခြင်း၊ ကျူးကျော်ထိန်းချုပ်ခြင်းသာဖြစ်သည်။ စေ့စေ့တွေးကြည့်လျှင် ယုံကြည်အပ်နှံရန်၊ ယုံကြည်ဆက်ဆံရန်ပင် အလွန်ခက်ခဲသွားနိုင်သည်။ ကလေးချင်းကစားရင်းရန်ဖြစ်ရာ၌ ငါ့အိုးပုတ်ပြန်ပေးဟူသော ပုံစံမျိုးသို့ ရောက်မှန်းမသိ ရောက်နေရလေပြီ။

ထိုဥပဒေကိုပြဋ္ဌာန်းပြီး မြန်မာနိုင်ငံကို ဟန့်တားပိတ်ဆို့နှောင့်ယှက်ရုံနှင့်မပြီး ၎င်းတို့ပြောသမျှယုံပြီး ဟိုနိုင်ငံ ဒီနိုင်ငံကပါပိတ်ကြ၊ ဆို့ကြ၊ ဖိအားပေးကြဟု အုံနှင့်ကျင်းနှင့် နှောင့်ယှက်ရန် လုပ်လာပြန်သည်။ ကလေးချင်းရန်ဖြစ်ရာ၌ ငါ့အိုးပုတ်ပြန်ပေးဟု ဆိုရုံနှင့်မပြီး၊ ငါနဲ့သူနဲ့မခေါ်တော့ဘူး။ နင်တို့အားလုံးကလည်း သူ့ကိုမခေါ်ကြနဲ့ဟု တစ်ဆင့်တက်သည့် ပုံစံမျိုးချိုးလာသည်။

၎င်းအမေရိကန်အမတ်များ၏ ဥပဒေမှ မြန်မာနိုင်ငံ လွတ်မြောက်ရေး၊ (လွတ်လပ်ရေး၊ Freedom)ဟူသော စကားလုံးအသုံးအနှုန်းမျိုးကို ၂၀၀၃ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့က အားလုံး ကြားဖူးကြပြီးဖြစ်သည်။ အီရတ်ကို အမေရိကန်က ကျူးကျော်တိုက်ခိုက်သည်ကို ကမ္ဘာသူကမ္ဘာသားတို့က အီရတ်ရေနံများကိုလိုချင်၍သာ အီရတ်ကိုအသားလွတ်ကျူးကျော်သည်ဟု ဆန့်ကျင်ကန့်ကွက်ကြွေးကြော်ခဲ့သော်လည်း အမေရိကန်သမ္မတကမူ အီရတ်ပြည်သူတို့ လွတ်လပ်ရေးအတွက် စစ်ဆင်မှု Operation Freedom for Iraq People ဟု ကင်ပွန်းတပ်နာမည်ပေးခဲ့သည်။ အီရတ်မှပြည်သူများယနေ့ လွတ်လပ်၊ ပျော်ရွှင်ငြိမ်းချမ်းနေကြပြီလားဆိုသည်ကို ကမ္ဘာကခေါင်းခါပြီး ဖြေကြားနေပေသည်။ ။

စိတ်ကောင်းနှင့်ယှဉ် ရှေးရှုနှင်စို့

သက်တော်ရှည်လျား၊ ကြီးမားပညာ
ဂုဏ်သိက္ခာတော်၊ ဟိုးဟိုးကျော်သည့်
ဆရာတော်ရွှေဟင်္သာ
မိန့်မှာမြွက်ကြား၊ လမ်းညွှန်သွားသည့်
"အများအကျိုး၊ ရွက်သယ်ပိုးက
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း
မဖွံ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့"
ဦးမော့ရှင်သန်၊ ဇွဲမာန်စကား
မြဲမှတ်သားပြီး၊ စိတ်ထားဖြူဖြူ
ကိုယ့်ပြည်သူများ၊ သူတစ်ပါး၏
ထားရာမှာနေ၊ စေရာကိုသွား
ခိုင်းရာကိုလုပ်၊ ရုပ်သေးရုပ်တွေ
မဖြစ်လေအောင်၊ အနေတည့်တည့်
မဖွံ့မစောင်း၊ ကိုယ့်လမ်းကြောင်းတိုင်း
စိတ်ကောင်းနှင့်ယှဉ်
ရှေးရှုနှင်စို့၊ ကိုယ့်လူတို့။ ။

ပျံလွှား

ဒါတွေကို သိဖို့လိုတယ်

*** မြောက်တိုင်းလည်း မမြောက်နဲ့**
*** ခြောက်တိုင်းလည်း မကြောက်နဲ့**
*** ချော့တိုင်းလည်း မပျော့နဲ့**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၈-၂၀၀၃ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဆရာတော်ဦးဃောသိတတရားတော် [တဏှာသခ်ယသုတ်]
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၀	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀	၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၅၅	၇။ မြန်မာသံစဉ် ချိုနားဝင်
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၅	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ပထမနှစ် (စိတ်ပညာ) (ခ) ပထမနှစ် (ပထဝီဝင်)
၅:၃၅	၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း နေခြည်ဆမ်းတဲ့ ချစ်ပန်းဝတ်ရည် (အပိုင်း-၃)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ **အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိမှတ်တမ်း (အပိုင်း၄)** (ပိဋကတ်ဉာဏ် ကွန့်မြူးထူးချွန်သည့် ဆရာတော်)
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မုန်တိုင်းကြားက မြစ်တစ်စင်း (အပိုင်း-၁၃)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ကချင်ပြည်နယ် အထူးဒေသ(၂) ဥက္ကဋ္ဌ ဒေသခံတိုင်းရင်းသူများနှင့် အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

ကချင်ပြည်နယ် ပန်ဝါမြို့နှင့် လိုင်ဇာမြို့တို့သို့ရောက်ရှိ

ဒေသတာဝန်ခံများ၊ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဩဂုတ် ၄ ရက် နံနက် ၁၁နာရီတွင် မြစ်ကြီးနားမြို့မှ ချီဖွေမြို့နယ် ပန်ဝါမြို့သို့ ရောက်ရှိကြရာ ချီဖွေတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးကျော်စိုး၊ ကချင်ပြည်နယ် အထူးဒေသ(၁) ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိန်း၊ အတွင်းရေးမှူး ဦးလရောက်ဇယ်လွမ်းနှင့် ဒေသခံတိုင်းရင်းသားအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ပဏာမတွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပန်ဝါဟိုတယ်၌ ခေတ္တရပ်နားကြပြီး ကချင်ပြည်နယ် အထူးဒေသ(၁) ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိန်းနှင့် အဖွဲ့ဝင်များနှင့် ရင်းနှီးခင်မင်စွာ ပဏာမတွေ့ဆုံကြသည်။

လှိုက်လှဲစွာကြိုဆို

ထို့နောက် ပန်ဝါမြို့ ခန်းမဆောင်၌ ကချင်ပြည်နယ် အထူးဒေသ(၁)မှ တာဝန်ရှိသူများ၊ဒေသခံတိုင်းရင်းသားအဖွဲ့ဝင်များ၊ ပန်ဝါဒေသ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးဌာနများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့မိ မြို့ဖများ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် တွေ့ဆုံရာ အထူးဒေသ(၁) ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိန်းက အမှာစကား ပြောကြားရာတွင် မိမိတို့၏ ပန်ဝါမြို့သို့ နိုင်ငံတော်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ တကူးတက ရောက်ရှိလာခြင်းအတွက် များစွာ ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်းနှင့် ပန်ဝါဒေသမှ တိုင်းရင်းသားပြည်သူ အားလုံးက လှိုက်လှဲစွာကြိုဆိုပါကြောင်းကို ဦးစွာတင်ပြလိုပါကြောင်း။

ယခုကဲ့သို့ နယ်စွန်နယ်ဖျားဒေသသို့ နိုင်ငံတော်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ ရောက်ရှိလာခြင်းသည် တိုင်းရင်းသား ပြည်သူများအပေါ် ဂရုစိုက်ခြင်းနှင့် စေတနာ မေတ္တာ ထားဝစဉ်ထားခြင်းဟူသည့်အချက်ကို ဖော်ပြခြင်းဖြစ်သည်ဟု မိမိတို့ မှတ်ယူပါကြောင်း။

နွေးထွေးကြင်နာ

တနည်းအားဖြင့် နယ်စွန်နယ်ဖျားဒေသများတွင် နေထိုင်ကြသည့် မိမိတို့ တိုင်းရင်းသားပြည်သူများအပေါ် နွေးထွေးသော ကြင်နာစောင့်ရှောက်မှုများ ထာဝစဉ်ပြုလျက်ရှိကြောင်းကို ပြသခြင်းလည်းဖြစ်ပါကြောင်း။

နိုင်ငံတော်၏ နွေးထွေးသည့်ရင်ခွင်အတွင်း ဝင်ရောက်ကာ တစ်ဆယ့်သုံးနှစ်ကျော် ကာလအတွင်း ငြိမ်းချမ်းသော နယ်မြေတစ်ခု ဖြစ်လာသည့် ပန်ဝါဒေသ၌ ချစ်ကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှုတို့သည် အထူးကောင်းမွန်စွာ ဖြစ်ပေါ်လျက်ရှိသည်ကို တင်ပြလိုပါကြောင်း။

သွေးခွဲရေးသမား၊ နိုင်ငံတော်ကို ဖြိုခွဲ ပြိုကွဲစေလိုသူများ၊ ပြည်ပဩဇာခံ နိုင်ငံရေး အစွန်းတစ်ဖက်ရောက်သူများ၏ သွေးဆောင်ဖြားယောင်းမှိုင်းတိုက်မှုနှင့် ဖိနှိပ်ချုပ်ချယ် နှိပ်စက်ညှဉ်းပန်းမှုများ ခံခဲ့ကြရသည့် ပန်ဝါဒေသသည် ယခုအခါ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်များကို အပြည့်အဝ ခံယူစိုက်ထူထားနိုင်ပြီဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရက လမ်းညွှန်မှုပြုထားသည်များကို လိုက်နာ ခံယူ၍ ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် သွေးခွဲရေးသမားများ၏ သားကောင်အဖြစ် နောက်တစ်ကြိမ် အဖြစ်ခံတော့မည် မဟုတ်ပါကြောင်း၊ ပြည်ထောင်စုကြီးကို ဖြိုခွဲသူများ၏ ဓားစာခံအဖြစ်လည်း ခံတော့မှာ မဟုတ်ကြောင်း။

ကောင်းစွာမြင်တတ်

ပန်ဝါဒေသမှ တိုင်းရင်းသားပြည်သူများသည် ပြည်ထောင်စုကြီးနှင့်တကွ တိုင်းရင်းသားပြည်သူများအား အန္တရာယ်ပြုမည့် ကိစ္စများကို ရှင်းရှင်းလင်းလင်းကောင်းစွာ မြင်တတ်နေပြီဖြစ်ပါကြောင်း။

မိမိတို့သည် နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့် ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်သည့် လုပ်ငန်းများကိုလည်း တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ရာ ၁၀နှစ်ရှိပြီဖြစ်ပါကြောင်း၊ ယခုအခါ ပန်ဝါဒေသကို မူးယစ်ဆေးဝါး ကင်းရှင်းသည့် ဒေသအဖြစ် ရောက်ရှိအောင် အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပန်ဝါဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နိုင်ငံတော်အပိုင်းကလည်း ပန်ဝါဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီသွားစေလိုကြောင်းဖြင့် ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ပန်ဝါဒေသ၌ တည်ငြိမ်အေးချမ်းစွာ နေထိုင်နေကြသည့် မိမိတို့၏ သွေးရင်းသားရင်းများကို တွေ့ရသည့်အတွက် ဝမ်းသာရပါကြောင်း၊ ပန်ဝါဒေသမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းများကျန်းမာရွှင်လန်းကြစေရန် ဆုတောင်းမေတ္တာပို့ပါကြောင်း။

ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံလိုအပ်ချက်မှာ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုပင်ဖြစ်ပါကြောင်း၊ ပန်ဝါဒေသ၌ အေးချမ်းတည်ငြိမ်မှု၏ အရသာကို ခံစားရင်း ဒေသဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ကြိုးပမ်းနေကြသည်ကိုလည်း တွေ့ရှိရကြောင်း၊ ဦးဇခုန်တိန့်ယိန်း၏ ဦးဆောင်မှုဖြင့် ဒေသခံပြည်သူများ ရေရှည်ဝင်ငွေရနိုင်မည့် စိုက်ပျိုးရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးထားမှုများမှာ များစွာကောင်းမွန်လှကြောင်း။

စီမံချက်များချမှတ်

နိုင်ငံတော်အနေဖြင့်လည်း နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စီမံချက်များချမှတ်ပြီး ဖြည့်ဆည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ပန်ဝါဒေသ အပါအဝင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး[...] နိုင်ငံတော်အစိုးရအနေဖြင့် [...] သန်းပေါင်း ၄၃၀၀၀ကျော် [...] အကျခံ ဆောင်ရွက်ပေ[...] ကြောင်း။

ယင်းသို့ နယ်စပ်ဒေသများ[...] တိုးတက်ရေး ကြိုးပမ်းဆောင်[...] ဒေသအလိုက် တာဝန်ရှိသူ[...] ဒေသခံပြည်သူများ၏ [...] ဆောင်ရွက်မှုများကြောင့် အေ[...] များ ရရှိနေခြင်းဖြစ်ကြောင်း[...] ဒေသ ဖွံ့ဖြိုးတိုးတက်ရေး[...] လက်တွဲဆောင်ရွက်မှုများအ[...] တော်၏ကိုယ်စား ကျေးဇူး[...] ကြောင်း ပြောကြားလိုကြော[...]

ဖွံ့ဖြိုးတိုးတက်ရေး[...]

နယ်စပ်ဒေသများ အ[...] နိုင်ငံတော်တစ်ရပ်လုံး အရှိ[...] ရှိရှိ ဖွံ့ဖြိုးတိုးတက်ရေး[...] နိုင်ငံတော်အစိုးရအနေဖြင့် [...] လက် အကောင်အထည်ဖော်[...] ရွက်သွားမည် ဖြစ်ကြေ[...] ရှင်းလင်းပြောကြားသည်။

သိုက်သိုက်ဝန်းဝန်းဆုံ[...]

ဆက်လက်၍ နိုင်ငံတော် [...] သာယာရေးနှင့် ဖွံ့ဖြိုးရေးကော[...] ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေ[...] အမှာစကားပြောကြားရာ၌ [...] ဒေသမှ တိုင်းရင်းသား ည[...] မောင်နှမများနှင့် သိုက်သိုက်[...] ဆုံတွေ့ရသည့်အတွက် ဝမ်[...] ကြောင်း၊ ဦးဇခုန်တိန့်ယိန်း၏[...] ချက်များသည် ဒေသဖွံ့ဖြိုး[...] ရေးအတွက် အမှန်ပင်လိုအ[...] အချက်များဖြစ်ကြောင်း၊ ပန်[...] တည်ငြိမ်အေးချမ်းပြီး ဖွံ့[...] တက်လာရေးအတွက် ဖွံ့[...] လုပ်ငန်းများကို ဆောင်ရွက်[...] မိမိတို့သည် အပြန်အလှန်နာ[...] နှင့် ယုံကြည်မှုအပေါ် အ[...] ဆက်လက် တည်ဆောက်[...] ဖြစ်သည်ကို ပြောကြားလို[...]

နိုင်ငံတော်အကြီးအကဲ [...] မှူးကြီး သန်းရွှေကလည်း ပန်[...] အပါအဝင် ပြည်နယ်၊ တို[...] သီးရှိ နိုင်ငံသူ၊ နိုင်ငံသား တိုင်း[...] ပြည်သူများ၏ လူနေမှုအဆင့်[...] မြင့်မားတိုးတက်ရေးအတွက်[...] စေတနာ ရှေ့ထားပြီး လိုအ[...] များကို ဖြည့်ဆည်းဆောင်[...] လျက်ရှိကြောင်း။

လက်တွဲညီညီ

ဘယ်သူခွဲခွဲဒို့မကွဲ ဆိုသည့်[...] ဒေသအကျိုး ဖြစ်ထွန်းအော[...] နယ်နှင့် နိုင်ငံတော်ကြီး [...] တိုးတက်အောင် လက်[...] ကြိုးပမ်းဆောင်ရွက်သွားမည်[...] ကြောင်းဖြင့်ပြောကြားသည်[...]

စီးပွားကူးသန်း ရှေ့သို့လှမ်း

များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ငွေကျပ်သန်းပေါင်း ၄၃၀၀၀ကျော် အကုန်အကျခံ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း။

ယင်းသို့ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာ၌ ဒေသအလိုက် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အောင်မြင်မှုများ ရရှိနေခြင်းဖြစ်ကြောင်း၊ ပန်ဝါဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲဆောင်ရွက်မှုများအပေါ် နိုင်ငံတော်၏ကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုကြောင်း။

ဖွံ့ဖြိုးတိုးတက်ရေး

နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တစ်ရပ်လုံး အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

သိုက်သိုက်ဝန်းဝန်းဆုံတွေ့

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက အမှာစကားပြောကြားရာ၌ ပန်ဝါဒေသမှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် သိုက်သိုက်ဝန်းဝန်း ဆုံတွေ့ရသည့်အတွက် ဝမ်းသာပါကြောင်း၊ ဦးဇခုန်တိန့်ယိန်း၏ တင်ပြချက်များသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်ပင်လိုအပ်သည့် အချက်များဖြစ်ကြောင်း၊ ပန်ဝါဒေသ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိမိတို့သည် အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုအပေါ် အခြေခံ၍ ဆက်လက် တည်ဆောက်သွားမည် ဖြစ်သည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကလည်း ပန်ဝါဒေသ အပါအဝင် ပြည်နယ်၊ တိုင်းအသီးသီးရှိ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် မေတ္တာစေတနာ ရှေ့ထားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

လက်တွဲညီညီ

ဘယ်သူခွဲခွဲဒို့မကွဲ ဆိုသည့်အတိုင်း ဒေသအကျိုး ဖြစ်ထွန်းအောင် ပြည်နယ်နှင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့်ပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း ဗန်းမော်မြို့ ဓေယျမင်္ဂလာသာသနာ့ဗိမာန်၌ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း ကချင်ပြည်နယ် အထူးဒေသ(၁) ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိန်းအား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။

(သတင်းစဉ်)

မ,တည်ထောက်ပံ့

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ပန်ဝါဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မတည်ထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀ကို ကချင်ပြည်နယ် အထူးဒေသ (၁) ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိန်းအား ပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ပညာရေးလုပ်ငန်းများအတွက် မတည်ထောက်ပံ့ငွေများကို လည်းကောင်း၊ ကျန်းမာရေး လုပ်ငန်းများအတွက် မတည်ထောက်ပံ့ငွေများကို လည်းကောင်း သက်ဆိုင်ရာ လုပ်ငန်းဌာနတာဝန်ခံများအား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပန်ဝါမြို့ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတို့အတွက် မတည်ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ပန်ဝါဒေသ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို ကိုယ်စားလှယ် ဝန်ထမ်းတစ်ဦးအား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဦးဇခုန်တိန့်ယိန်းအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

လက်ဆောင်များပေးအပ်

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ထံမှပေးပို့သော လက်ဆောင်ပစ္စည်းများကို ကချင်ပြည်နယ် အထူးဒေသ(၁) ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိန်းနှင့် အတွင်းရေးမှူး ဦးလရောက်ဇယ်လွမ်းတို့အား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်တို့အား ကချင်ပြည်နယ် အထူးဒေသ(၁) ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိန်းက အမှတ်တရ လက်ဆောင်များပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဒေသခံတိုင်းရင်းသားအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ပန်ဝါမြို့ ဇမ္ဗူအေးကုန်းတော်ရှိ ဇမ္ဗူဗြိမ်းစေတီတော်သို့ သွားရောက်၍ စေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်တို့သည် စေတီတော် ဧည့်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ပန်ဝါမြို့ဘုန်းတော်ကြီးကျောင်းသို့ ဝင်ရောက်၍ အရှင်မာနိတအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ပန်ဝါမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး သုံးထပ်ကျောင်းဆောင် ဆောက်လုပ်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် ရဟတ်ယာဉ်များဖြင့် မိုးမောက်မြို့နယ် လဂျားယန်ကျေးရွာသို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး သူရမြင့်ဦး၊ ကချင်ပြည်နယ် အထူးဒေသ(၂) အထွေထွေ အတွင်းရေးမှူး ဒေါက်တာတူးဂျာ၊ စီးပွားရေးတာဝန်ခံ ဒေါက်တာလဂျာနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မော်တော်ယာဉ်များဖြင့် လိုင်ဇာမြို့သို့ ရောက်ရှိကြရာ ကချင်ပြည်နယ် အထူးဒေသ(၂) ဥက္ကဋ္ဌ ဦးလမုန်တူးဂျိုင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ကြိုဆိုကြပြီး လိုင်ဇာမြို့ ဧည့်ရိပ်သာ၌ ရင်းနှီးခင်မင်စွာ တွေ့ဆုံကြသည်။

ဆက်လက်၍ လိုင်ဇာမြို့ ခန်းမဆောင်၌ ကချင်ပြည်နယ် အထူးဒေသ(၂)မှ တာဝန်ရှိသူများ၊ ပညာရေး၊ ကျန်းမာရေး ဝန်ထမ်းများ၊ မြို့မိ မြို့ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကချင်ပြည်နယ် အထူးဒေသ(၂) ဥက္ကဋ္ဌ ဦးလမုန်တူးဂျိုင်က မိမိတို့အထူးဒေသသို့ရောက်ရှိလာကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် အဖွဲ့ဝင်များအား ဝမ်းသာလှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ပါကြောင်း။

လိုင်ဇာသည် ယခင်က ကျေးရွာအဆင့်ဖြစ်ပြီး ယခုမှသာ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်ကြောင်း၊ ဆက်လက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်အနေဖြင့် ကြည့်ပါကလည်း ဖွံ့ဖြိုးတိုးတက်မှု နောက်ကျသော ပြည်နယ်တစ်ခု ဖြစ်ခဲ့ပါကြောင်း၊ ယခုမှသာ နိုင်ငံတော်အစိုးရက စီမံချက်များဖြင့် ဆောင်ရွက်ပေးနေသောကြောင့် ဖွံ့ဖြိုးတိုးတက်မှု ရရှိနေပြီဖြစ်ပါကြောင်း။

ပြီးခဲ့သော ၂၀၀၂ခု ဇူလိုင်လ မိုးတွင်းက မြစ်ကြီးနားမှ လိုင်ဇာ၊ ဗန်းမော်မှ လိုင်ဇာယာဉ်များ သွားလာနိုင်မှုမရှိပါကြောင်း၊ ယခုနှစ်တွင် နိုင်ငံတော်က ပြုပြင်ပေးခြင်း၊ မိမိတို့ကလည်း လိုင်ဇာမှ မြစ်ကြီးနား၊ လိုင်ဇာမှ ဗန်းမော်ကားလမ်းများကို ပြုပြင်ခြင်းကြောင့် ယခု ၂၀၀၃ခု ဇူလိုင်လ မိုးရာသီမှာပင် ယာဉ်များ သွားလာနိုင်ပြီဖြစ်ပါကြောင်း၊ ပိုမိုတိုးတက် ကောင်းမွန်အောင်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ လိုင်ဇာဒေသမှ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကအစ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ မကြာခဏ လာရောက်ကြည့်ရှုအားပေးပါရန် မျှော်လင့်ပါကြောင်း၊ လာရောက်ပါရန်လည်း မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းတို့က စိတ်ကောင်း စေတနာကောင်းများဖြင့် ကချင်ပြည်နယ်တစ်ရပ်လုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်ရေး လက်တွဲညီညီဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် လိုင်ဇာမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မတည်ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ကို ကချင်ပြည်နယ် အထူးဒေသ(၂) ဥက္ကဋ္ဌ ဦးလမုန်တူးဂျိုင်အား ပေးအပ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဗန်းမော်ဒီဂရီ ကောလိပ် သုံးထပ်ပင်မဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၈-၂၀၀၃ (စနေနေ့)

နံနက်ပိုင်း:

၇:၀၀	၁။	**ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေ မွေဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချို့အေးမင်္ဂလာတေး
၇:၅၅	၅။	စားကြမယ်ဟော့ကောင်းကောင်း
၈:၀၅	၆။	တေးဂီတအစီအစဉ်
၈:၁၅	၇။	ဘော်ဘင်ရေလှောင်တမံ
၈:၃၀	၈။	International News.
၈:၄၅	၉။	Grammar Made Easy.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း:

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅	၅။	တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁:၂၅	၆။	Weekly International Sports.
၁:၃၀	၇။	**ရုပ်ရှင်သင်တန်းမှ ပန်းကလေးများ (ဗိုလ်ကလေးတင့်အောင် စီစဉ်တင်ဆက်သည်)**
၂:၀၅	၈။	မြန်မာ့ရိုးရာ ကျီးသဲစည်းလုံချည်အလှ
၂:၁၅	၉။	တေးဂီတအစီအစဉ်
၂:၂၅	၁၀။	ဒေသဖွံ့ဖြိုးရေးပံ့ပိုးပေးမည့် မူဆယ်မှရထိုက်အုတ်စက်
၂:၃၀	၁၁။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂:၄၅	၁၂။	International News.
၃:၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း:

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	English For Everyday Use.
၄:၄၅	၄။	အတီးပြိုင်ပွဲ
၄:၅၅	၅။	တေးဂီတအစီအစဉ်
၅:၀၅	၆။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံ အထူးပြုအားလုံး) (ဓာတုဗေဒ)
၅:၂၀	၇။	**နွေးထွေးသောရင်ခွင် (အပိုင်း-၃) (ဖြိုးငွေစိုး၊အောင်နိုင်၊ မြတ်ကေသီအောင်၊ဆုပန်ထွာ လှမျိုးသဥ္ဇာနွယ်၊ ပွင့်နဒီမောင်) (ဒါရိုက်တာ-တင်သန်းဦး) (မွန်ဘာသာစကားဖြင့်)**
၅:၃၅	၈။	တေးဂီတအစီအစဉ်
၅:၄၅	၉။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၆:၀၀	၁၀။	ရုပ်မြင်ရသတေးစုကဏ္ဍ "ရွှေရည်ဝင်းလက်"
၆:၁၅	၁၁။	စားကြမယ်ဟော့ကောင်းကောင်း
၆:၃၀	၁၂။	ညနေခင်းသတင်း
၇:၀၀	၁၃။	မိုးလေဝသအခြေအနေ
၇:၀၅	၁၄။	Discovery.
၇:၂၀	၁၅။	ဝင်ငွေကောင်းသည့်သီးနှံသစ်မက္ကဒေးမီးယား
၇:၃၀	၁၆။	တေးဂီတအစီအစဉ်
၇:၄၀	၁၇။	အမှောင်ခွင်းမည့် အလင်းရောင်(ဒုံထိရီး)
၈:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	**မြန်မာရုပ်ရှင် သမီးမိုက် (အပိုင်း-၁) (လွင်မိုး၊ ရဝေအောင်၊ မေသန်းနု၊ ထက်ထက်မိုးဦး၊ မြတ်ကေသီအောင်၊ မြင့်မြင့်နိုင်) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)**
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

● စာမျက်နှာ ၉ မှ

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပညာရေးလုပ်ငန်းများအတွက် မ,တည်ထောက်ပံ့ငွေများကို လည်းကောင်း၊ ကျန်းမာရေး လုပ်ငန်းများအတွက် မ,တည်ထောက်ပံ့ငွေများကို လည်းကောင်း ဒေသတာဝန်ခံများအား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လိုင်ဇာမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီတို့အတွက် မ,တည်ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်သည်။

လက်ဆောင်ပစ္စည်းပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ပေးပို့သော လက်ဆောင်ပစ္စည်းများကို အထူးဒေသ(၂)ဥက္ကဋ္ဌ ဦးလမုန်တူးဂျိုင်အား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ကချင်ပြည်နယ်အထူးဒေသ(၂)ဥက္ကဋ္ဌအား ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကချင်ပြည်နယ် အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးဇောင်းဟရားအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့အား ကချင်ပြည်နယ်အထူးဒေသ(၂)ဥက္ကဋ္ဌ ဦးလမုန်တူးဂျိုင်က

လက်ဆောင်ပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ကချင်ပြည်နယ် အထူးဒေသ (၂) ဥက္ကဋ္ဌ ဦးလမုန်တူး ဂျိုင် သို့ ဂုဏ်ပြု လက်ဆောင် ပေးအပ်စဉ်။

(သတင်းစဉ်)

သည်တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် လိုင်ဇာမြို့မှ ပြန်လည်ထွက်ခွာကြပြီး ရဟတ်ယာဉ်များဖြင့် လဂျားယန် ကျေးရွာမှ ဗန်းမော်မြို့သို့ ရောက်ရှိကြရာ ဗန်းမော်တပ်နယ်မှ ဗိုလ်မှူးချုပ် စိုးနွယ်နှင့် တပ်မတော်အရာရှိများ၊ ဗန်းမော်ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဗန်းမော်မြို့ ရောက်ရှိပြီးနောက် မြို့တော်ခန်းမ၌ ဗန်းမော်ခရိုင်နှင့် ဗန်းမော်၊ မံစီ၊ ရွှေကူ၊ မိုးမောက်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီတို့အတွက် မ,တည်ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နံနက် ၇နာရီခွဲတွင် ဗန်းမော်မြို့ ဇေယျမင်္ဂလာသာသနာ့ဗိမာန်၌ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော် ဝိနည်းဓိုရ် ဗန်းမော်မြို့ ညောင်ပင်သာကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကလျာဏနှင့် ဗန်းမော်မြို့ပေါ်ရှိ ကျောင်းတိုက်များမှဆရာတော်များအား ဖူးမြော်ကြည်ညိုကြပြီးနိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တကလျာဏထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်တို့သည် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဗန်းမော်မြို့နယ် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဗိုလ်စန်းအား ဆရာတော်များအတွက် နဝကမ္မ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

တွေ့ဆုံမှာကြား

အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့သည် ဗန်းမော်တပ်နယ်ခန်းမ၌ ဗန်းမော်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြား နှုတ်ဆက်ကြသည်။

ထိုအချိန်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဗန်းမော်မြို့ အစိုးရနည်းပညာကောလိပ် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ရွှေသံလွင်ဆောက်လုပ်ရေးကုမ္ပဏီမှအထွေထွေမန်နေဂျာဦးအောင်ကျော်က ဗန်းမော်မြို့ အစိုးရနည်းပညာကောလိပ် ပင်မဆောင်ဆောက်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ ကျောင်းအုပ်ကြီး ဦးကျော်ခိုင်လင်းက ဆရာ၊ ဆရာမအင်အားနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၂)က လိုအပ်သည်များ မှာကြားပြီး ပင်မဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် စာသင်ဆောင်များနှင့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ဗန်းမော် ဒီဂရီကောလိပ်သို့ ရောက်ရှိကြရာ စာသင်ဆောင်၌ ကျောင်းအုပ်ကြီး ဦးခင်မောင်တင်က ပညာသင်ကြားရေးဆိုင်ရာ ကိစ္စများကို လည်းကောင်း၊ ဒေဝ ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျာ ဦးတင်ယုက ဗန်းမော်ဒီဂရီကောလိပ် ပင်မဆောင် ဆောက်လုပ်နေမှုနှင့် ပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပံ့ပိုးထောက်ပံ့

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည်

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✪

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ပန်ဝါမြို့ အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင် ဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကချင်ရိုးရာ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးစန်မြန်နှင့် ဒေသတာဝန်ခံများအား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကချင်ပြည်နယ် အထူးဒေသ(၂) ဥက္ကဋ္ဌ ဦးလမုန်တူးဂျိုင်နှင့် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ဒေသခံ တိုင်းရင်းသူများနှင့်လည်း အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

လိုက်လံနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ

အဆက်အစပ်ရှိရှိ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် အဆက်အစပ်ရှိရှိ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြည်သူများ၏ ပါဝင်ပူးပေါင်း ဆောင်ရွက်ရမည့် အခန်းကဏ္ဍများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဗန်းမော်မြို့နယ် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်များကို ခရိုင်ပညာရေးမှူးဦးအောင်ကြင်အား ပေးအပ်သည်။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းတို့သည် ဩဂုတ် ၅ရက် နံနက် ၆နာရီခွဲတွင် ဗန်းမော်မြို့၌ ဗန်းမော်တပ်နယ်က မွေးမြူထားသည့် ခိုင်းနွားနှင့် နို့စားနွားများကို ကြည့်ရှုစစ်ဆေးကြသည်။ ဗန်းမော်တပ်နယ်က ခိုင်းနွားနှင့် နို့စားနွားအကောင် ၁၅၀ ကျော် မွေးမြူထားကြောင်း သိရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံမှ ပေးပို့သော လက်ဆောင်ပစ္စည်းများကို အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ကချင်ပြည်နယ် အထူးဒေသ(၁)ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိန်းနှင့် အတွင်းရေးမှူး ဦးလရောက်ဇယ်လွမ်းသို့ ပေးအပ်စဉ်။

(သတင်းစဉ်)

ပညာသင်ဆု ချီးမြှင့်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး တပ်ဖွဲ့ဝင်များ၏ သား၊သမီးများ ပညာသင်ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးတပ်ဖွဲ့ဝင်များ၏သား၊သမီးများအား ပညာသင်ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုချီးမြှင့်

ရန်ကုန် ဩဂုတ် ၈

၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးတပ်ဖွဲ့ဝင်များ၏ သား၊သမီးများအား ပညာသင်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ အမှတ်(၂) တပ်မတော်ညှိနှိုင်းဧည့်ဂေဟာ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဌာနကြီးမှူးနှင့် ဒုတိယဌာနကြီးမှူးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မှူးများ၊ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၏ သား၊သမီးများနှင့် မိဘများ တက်ရောက်ကြသည်။

ဩဝါဒစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်က ဂုဏ်ပြုဩဝါဒစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်နှင့် ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းတို့က ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အမှတ်တရဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေး တပ်ဖွဲ့ဝင်များ၏ သား၊ သမီး ၃၃ဦး အောင်မြင်ခဲ့ကြရာ ခြောက်ဘာသာဂုဏ်ထူးတစ်ဦး၊ ငါးဘာသာဂုဏ်ထူးတစ်ဦး၊ သုံးဘာသာဂုဏ်ထူးနှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူး တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူး လေးဦး ရရှိခဲ့ကြပြီး ဂုဏ်ပြုဆုငွေစုစုပေါင်းကျပ် ၇၃၈၀၀၀၀ ချီးမြှင့်ခဲ့သည်။

(သတင်းစဉ်)

ဆုချီးမြှင့်

မြန်မာ နိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် နယ်စပ် ဒေသ လူဝင်မှုစစ်ဆေးရေး တပ်ဖွဲ့ဝင်များ၏ သား၊ သမီးများ

ပညာသင်ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့်မန္တလေးအဝေးသင်တက္ကသိုလ် အနီးကပ်ပို့ချသင်တန်းများနှင့် အတန်းတင်စာမေးပွဲ အစီအစဉ်

ရန်ကုန် ဩဂုတ် ၈

၂၀၀၃ခုပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်ပို့ချသင်တန်းများနှင့် အတန်းတင်စာမေးပွဲများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

ပထမအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် သိပ္ပံအထူးပြု ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို ၂-၁၀-၂၀၀၃ရက်မှ ၈-၁၀-၂၀၀၃ရက်အထိ ကျင်းပမည်ဖြစ်သည်။ (တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များတွင် စာမေးပွဲစစ်ဆေးခြင်း မပြုလုပ်ပါ။)

အနီးကပ်ပို့ချသင်တန်း

ဒုတိယအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်နှင့် ပဉ္စမနှစ် ဥပဒေအထူးပြု၊ ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာအထူးပြုအားလုံးနှင့် ဥပဒေအထူးပြု ကျောင်းသားများအတွက် အနီးကပ်ပို့ချ သင်တန်းများကို ၁၄-၁၀-၂၀၀၃ရက်မှ ၂၃-၁၀-၂၀၀၃ရက်အထိ ပို့ချမည်ဖြစ်သည်။ (တနင်္ဂနွေနေ့အပါအဝင် သင်တန်းပို့ချခြင်း ပြုလုပ်ပါမည်။)

ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်နှင့် ပဉ္စမနှစ် ဥပဒေအထူးပြု၊ ပထမနှစ်၊ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာအထူးပြု အားလုံးနှင့် ဥပဒေအထူးပြု ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို ၂၇-၁၀-၂၀၀၃ရက်မှ ၁-၁၁-၂၀၀၃ရက်အထိ ကျင်းပမည် ဖြစ်သည်။ (တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များတွင် စာမေးပွဲစစ်ဆေးခြင်း မပြုလုပ်ပါ။)

တတိယအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေး အထူးပြုအားလုံး ကျောင်းသားများအတွက် အနီးကပ်ပို့ချသင်တန်းများကို ၅-၁၁-၂၀၀၃ရက်မှ ၁၅-၁၁-၂၀၀၃ရက်အထိ ပို့ချမည်ဖြစ်သည်။

(တနင်္ဂနွေနေ့ အပါအဝင် သင်တန်းပို့ချခြင်း ပြုလုပ်ပါမည်။)

အတန်းတင်စာမေးပွဲ

ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေးအထူးပြု အားလုံး ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို ၂၀-၁၁-၂၀၀၃ရက်မှ ၂၆-၁၁-၂၀၀၃ရက်အထိ ကျင်းပမည်ဖြစ်သည်။ (တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များတွင် စာမေးပွဲစစ်ဆေးခြင်း မပြုလုပ်ပါ။)

ပထမနှစ်နှင့် ဒုတိယနှစ်စီးပွားရေးနှင့် ပေါင်းစပ်ဘာသာရပ် အထူးပြုကျောင်းသားများအတွက် စီးပွားရေးဘာသာရပ်များကို အီလက်ထရွန်းနစ် သင်ယူမှုဌာန (e-Education Learning Centre) များတွင် လေ့လာနိုင်ရန် စီစဉ်ထားပြီးဖြစ်သဖြင့် အနီးကပ်သင်တန်းများတွင် ထပ်မံပို့ချတော့မည် မဟုတ်ပါ။

အသေးစိတ်အချိန်ဇယားများကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ် ဌာနခွဲများက အချိန်မီ ဆက်လက်ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ (သတင်းစဉ်)

၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ကြေညာ

ရန်ကုန် ဩဂုတ် ၈

၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့ကြသော စာစစ်ဌာန ကြီးကြပ်ရေးမှူးများ(အခြေခံပညာအထက်တန်း ကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်း မှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရမည့် ပုံစံများကို ၁၂-၈-၂၀၀၃(အင်္ဂါနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်သည်။ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာများကို ၁၂-၈-၂၀၀၃ ရက်မှ ၁-၉-၂၀၀၃ ရက်အထိ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ အပါအဝင်(ပိတ်ရက်မရှိ) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)သို့ တိုက်ရိုက်လျှောက်ထားနိုင်သည်။အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၃၁၄၇၊ ၅၃၇၆၇၇ နှင့် ၅၂၅၆၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ စာအုပ်ထုတ်ဝေ



ရန်ကုန် ဩဂုတ် ၈

စာရေးဆရာ တက္ကသိုလ်စိန်တင်နှင့် စိမ့်(ပညာရေး)တို့ ရေးသားပြုစုသော နှစ်ပေါင်း(၉၀၀)က ပုဂံကို ရှုမျှော်လေ့လာထားသည့် "တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ"စာအုပ် **(ဝဲပုံ)** ကို သမိုင်းဝင် ရောင်စုံဓာတ်ပုံများ အတွင်းစာသားကို ဝုဖရီ နိုင်ငံခြားစက္ကူဖြင့် ပုံနှိပ်၍ မျက်နှာဖုံးကို ပန်းချီ မောင်မောင်သိုက်၏ သုတေသနလက်ရာဖြင့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မန္တလေးလမ်းအမှတ်(၅၁) အားမာန်သစ်စာပေတိုက်ဖုန်း-၂၅၁၉၂၃ က ဖြန့်ချိထားသည်။ (က-ပ)

အင်းတကော်စက်မှုဒေသမှ ပြည်ပသွင်းကုန်အစားထိုး အင်းလက်နှင့်အိပ်ဇောဗား အလုပ်ရုံ

ပဲခူးတိုင်း အင်းတကော်စက်မှုဒေသ၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ တည်ဆောက်ပြီးစီးခဲ့သည့် အင်းလက်နှင့် အိပ်ဇောဗားအလုပ်ရုံမှ ထရပ်ကားသုံး ဒီဇယ်အင်ဂျင်၊ ဂျစ်ကားသုံး ဓာတ်ဆီအင်ဂျင်၊ လယ်ထွန်စက်သုံး ဒီဇယ်အင်ဂျင်နှင့် ရေစုပ်စက်၊ လျှပ်စစ်ဓာတ်အားပေး စက်သုံး ဒီဇယ်အင်ဂျင်များအတွက် အင်းလက်နှင့် အိပ်ဇောဗား တစ်နှစ်လျှင် ၄၆၀၀၀ ခုကို ပြည်ပသွင်းကုန်အစားထိုး ထုတ်လုပ်ပေးလျက်ရှိသည်။

(ယာပုံနှင့်အောက်ပုံ)(ဓာတ်ပုံမှတ်တမ်း-စက်မှု-၂)

တည်ဆောက်ပြုပြင် မြန်ပြည်တစ်ခွင် တိုးတက်စည်ပင်

ဓာတ်ပုံ မှတ်တမ်း

အောင်မိုး(ကြေးမုံ)
ခရမ်းစိုးမြင့်
စက်မှု(၂)

ကုန်တွဲဘိုဂီ တီထွင်ထုတ်လုပ်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ ဗဟိုသုတေသန၊ ဆင်မလိုက်သင်္ဘောကျင်း၊ စက်မှုလယ်ယာ၊ သတ္တုဗေဒအင်ဂျင်နီယာနှင့် သမဝါယမအသင်းများမှ ပညာရှင်များအား ဖိတ်ကြား၍ လူစီးတွဲ-ကုန်တွဲ ဘိုဂီအမျိုးမျိုးကို ပြသကာ အကြံဉာဏ်များရယူပြီးနောက် မြန်မာ့မီးရထား အင်းစိန်စက်ရုံက ထုတ်လုပ်လိုက်သော Kohema. A3 Ride Control ကုန်တွဲဘိုဂီကို တွေ့ရစဉ်။ (အောက်ပုံ) *(ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်)*



ရေလွှဲဥမင် ကျောက်သား ထွင်းဖောက်

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်တွင်တည်ဆောက်လျက်ရှိသော တောင်ရေချောင်း ရေလှောင်တမံမှ ကြက်မောက်တောင်ဆည်သို့ ရေကူးပေးပို့ရန်အတွက် ကျောက်ပန်းတောင်း-မိတ္ထီလာ ကားလမ်းအောက်၌ ရေလွှဲဥမင် ဖောက်လုပ်ရာတွင် ယန္တရားကြီးများဖြင့် ကျောက်သားများကို ထွင်းဖောက်နေသည်ကို ၂၀၀၃ ခုနှစ် ဇူလိုင် ၁၄ ရက်က တွေ့ရစဉ်။ (ယာပုံ)

ဓာတ်ပုံမှတ်တမ်း-အောင်မိုး (ကြေးမုံ)



ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့နယ်အတွင်း ရွှေလီမြစ်နံဘေးတွင် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရန်အတွက် ရေအားလျှပ်စစ်ဦးစီးဌာနက မြေညှိလုပ်ငန်းများ ဆောင်ရွက်နေကြစဉ်။ (ဓာတ်ပုံမှတ်တမ်း-ခရမ်းစိုးမြင့်)

✳ **ခေတ်မီနိုင်ငံတော်မှ**

အတွင်းရှိ ရွှေလီမြစ်ပေါ်တွင် ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် ဩဂုတ် ၈ရက် နံနက် ၁၁နာရီတွင် အမေရိကန်ဒေါ်လာ သန်း ၁၅၀ တန်ဖိုးရှိ ကန်ထရိုက်စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ကြပြီဖြစ်သည်။

ယင်းကန်ထရိုက်စာချုပ်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး၊ မူဆယ်၊ နမ့်ခမ်း၊ ကြူကုတ်အပါအဝင် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ရှိ မြို့ရွာများ၊ ကချင်ပြည်နယ် ဗန်းမော်မြို့နှင့် ပတ်ဝန်းကျင်ဒေသများ၊ မြန်မာနိုင်ငံ အလယ်ပိုင်း မန္တလေးနှင့် မုံရွာဝန်းကျင်ရှိ စက်မှုလုပ်ငန်းများသို့ လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးနိုင်ရန် ရွှေလီရေအားလျှပ်စစ် စီမံကိန်းကို လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် YMEC တို့က ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တည်ဆောက်ရန် စီစဉ်ထားသည်။

စီမံကိန်းဒေသ

စီမံကိန်းဒေသမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇မိုင်ခန့်အကွာ မာန်တက်ကျေးရွာအနီးတွင် ဖြစ်သည်။

တပ်ဆင်မည့်စက်အင်အားမှာ ပထမအဆင့် မဂ္ဂါဝပ် ၂၀၀ နှင့် ဒုတိယအဆင့် မဂ္ဂါဝပ် ၂၀၀ ဖြစ်ပြီး တစ်နှစ်လျှင် ကီလိုဝပ် နာရီသန်းပေါင်း ၃၀၄၂ နာရီ ဓာတ်အားထုတ်လုပ်မည်ဟု သိရသည်။

ဖြန့်ဖြူးပေးရေး

လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့်အတူ ဓာတ်အားများသယ်ယူဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများ တည်ဆောက်ရေးလုပ်ငန်းကိုပါ ဆောင်ရွက်သွားမည်ဖြစ်ရာ ရွှေလီမှ-မန္တလေး ၂၁၇မိုင်ကို ဓာတ်အားလိုင်းတစ်လိုင်း၊ မန္တလေး-မုံရွာ ၁၃၅မိုင်ကို ဓာတ်အားလိုင်းတစ်လိုင်း၊ နမ္မတူ-သီပေါ-ကျောက်မဲ ၅၃မိုင်ကို ဓာတ်အားလိုင်းတစ်လိုင်း၊ နမ္မတူ-လားရှိုး ၂၃မိုင်ကို ဓာတ်အားလိုင်းတစ်လိုင်း၊ ရွှေလီ-နမ့်ခမ်း-မူဆယ် ၄၇မိုင်ကို ဓာတ်အားလိုင်းတစ်လိုင်း၊ ရွှေလီမှ ကွတ်ခိုင် မိုင် ၅၀ ကို ဓာတ်အားလိုင်းတစ်လိုင်း၊ ရွှေလီမှဗန်းမော် ၄၆ မိုင်ကို ဓာတ်အားလိုင်းတစ်လိုင်း၊ မူဆယ်မှ ကြူကုတ် ၁၂မိုင်ကို ဓာတ်အားလိုင်းတစ်လိုင်း၊ ကွတ်ခိုင်မှ သိန္နီ ၁၈ မိုင်ကို ဓာတ်အားလိုင်းတစ်လိုင်းဖြင့် စုစုပေါင်း ဓာတ်အားလိုင်းကိုးလိုင်း အသစ်တည်ဆောက်သွယ်တန်းသွားမည်ဖြစ်သည်။

ယင်းသို့ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းဖြင့် မြန်မာနိုင်ငံတစ်ဝန်းမှ ဓာတ်အားလိုအပ်ချက်များကို မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံကြီးများမှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်း၊ မုံရွာ ကြေးနီမိုင်း၊ နမ္မတူသတ္တုတွင်း၊ သပိတ်ကျင်း နီကယ်မိုင်းသစ်နှင့် အထက်မြန်မာပြည်ရှိ စီမံကိန်းလုပ်ငန်းများ၊ စက်ရုံများသို့ ဓာတ်အားများဖြန့်ဖြူးပေးကာ နိုင်ငံခြားဝင်ငွေများရရှိလာနိုင်မည့်အပြင် ကချင်ပြည်နယ်အရှေ့ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ နယ်စပ်ဒေသများသို့ပါ ဓာတ်အားများပို့လွှတ်ပေးနိုင်မည်ဖြစ်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဟု သိရသည်။

ရွှေလီရေအား

ယခု ရွှေလီရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်မည့် ရွှေလီမြစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ စတင်မြစ်ဖျားခံပြီး မြန်မာနိုင်ငံအတွင်း မူဆယ်နှင့် နမ့်ခမ်းမြို့အနီးမှ ဖြတ်သန်း၍ နမ့်ခမ်းမြို့နယ် အင်းရွာအနီးမှ ဧရာဝတီမြစ်အတွင်း စီးဝင်လျက်ရှိသည်။ နမ့်ခမ်းမြို့၏အနောက်တောင်ဘက် ၁၅မိုင်ခန့် အကွာတွင် မြစ်အတွင်း အရှည်ခြောက်မိုင်၌ အနိမ့်အမြင့်ကွာခြားချက် ပေ ၁၀၀၀ တွင် ရေကျရေတံခွန်များ ဖြစ်ပေါ်နိမ့်ဆင်းသွားသဖြင့် ယင်းရွှေလီမြစ်ရေအားကိုအသုံးချ၍ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ခြင်းဖြစ်ပေသည်။

စာချုပ်ချုပ်ဆို

စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း လုပ်ငန်းကို ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ ၂၆ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (YMEC)နှင့် ရေအားလျှပ်စစ်ဦးစီးဌာနတို့သည် ရွှေလီရေအားလျှပ်စစ် ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာပြုစုရန်၊ အသေးစိတ်ဒီဇိုင်းပုံစံထုတ်လုပ်ရန်နှင့် တင်ဒါစံညွှန်းပြုစုရန်အတွက် အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့ ငှားရမ်းသည့်စာချုပ်များကို အမေရိကန်ဒေါ်လာ ၁၁သမ၁၅ သန်းတန်ဖိုး ဖြင့် ချုပ်ဆိုသည့်အပြင် ယင်းကုမ္ပဏီနှင့် ရေအားလျှပ်စစ်ဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန် နားလည်မှုစာချွန်လွှာကိုလည်း ၂၀၀၂ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

သို့ဖြစ်၍ ရွှေလီရေအားလျှပ်စစ် စီမံကိန်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ကဏ္ဍအသီးသီးမှ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးမည့် စီမံကိန်းတစ်ခု ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

(ကြေးမုံ)



ရွှေလီ ရေအားလျှပ်စစ်စီမံကိန်း စက်ရုံ တည်ဆောက်မည့်နေရာကို တွေ့ရစဉ်။

(လျှပ်စစ်စွမ်းအား)

ကျောက်ဆည်အသင်း(ရန်ကုန်) အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၈

ကျောက်ဆည်အသင်း (ရန်ကုန်) လပတ်အစည်းအဝေးကို ဩဂုတ် ၂ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ၄၅ လမ်းရှိ ဟသ်ာတအသင်းတိုက်တွင် ကျင်းပရာ အသင်းဥက္ကဋ္ဌ ရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း) (စာရေးဆရာ ခင်မောင်ထွန်း - လမ်းမတော်) နှင့် ဒုတိယဥက္ကဋ္ဌများ၊အတွင်းရေးမှူးများနှင့် အမှုဆောင်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် လာမည့်သီတင်းကျွတ်လ၌ ကျောက်ဆည်မြို့တွင် ကျင်းပမည့် သီတင်းကျွတ် ဆင်လှူပွဲကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပရေးအတွက် ဆင်လှူပွဲ ကျင်းပရေး ကော်မတီသို့ ငွေကျပ်သုံးသိန်း လှူဒါန်းရန်နှင့် ၂၀၀၂-၂၀၀၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသော ကျောက်ဆည်အသင်း (ရန်ကုန်) အသင်းသူ၊ အသင်းသားများ၏ သားသမီးများအမည်စာရင်းကို ပညာရေးထောက်ပံ့ရန်အတွက် တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသော ဦးကျော်မြအောင် ဖုန်း-၆၈၀၈၅၁၊ ဦးအောင်စိုးလွင် ဖုန်း-၂၅၄၀၀၉နှင့် ဦးခင်မောင်မြင့် ဖုန်း-၆၆၆၄၇၈တို့သို့ အမြန်ဆက်သွယ်စာရင်းပေးပို့ကြရန်အတွက် အကြောင်းကြားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

(က-ပ)

ဓာတ်အားထိန်းခလုတ်များလဲလှယ်စဉ် မြို့နယ်အချို့ လျှပ်စစ်ဓာတ်အားခေတ္တပိတ်မည်

ရန်ကုန် ဩဂုတ် ၈

လှော်ကားဓာတ်အားပေးစက်ရုံ၌ ၁၉၆၀ပြည့်နှစ်က စတင်အသုံးပြုခဲ့သော ၃၃ကေဗွီဗိုအားမြင့် ဓာတ်အားထိန်းခလုတ်အဟောင်းများအား အသစ်များဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို ဩဂုတ် ၁၀ရက်(တနင်္ဂနွေနေ့) နံနက် ၆နာရီမှ ညနေ ၆နာရီအထိ ဆောင်ရွက်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နေစဉ်အတွင်း လှော်ကားဓာတ်အားပေးစက်ရုံမှ တိုက်ရိုက်ဓာတ်အားဖြန့်ဖြူးပေးထားသော မှော်ဘီ၊ တိုက်ကြီး၊ သာယာဝတီ၊ ထောက်ကြန့်၊ လှည်းကူး၊ ကွမ်းခြံကုန်း၊ တွံတေး၊ ဒလ၊ မအူပင်၊ လှိုင်သာယာ၊ ညောင်တုန်းမြို့နယ်များနှင့် အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ မင်္ဂလာဒုံနှင့် မြောက်ဥက္ကလာပမြို့နယ်တို့မှ ရပ်ကွက်အချို့အား ဓာတ်အားပို့လွှတ်မှု ခေတ္တပိတ်ထားမည်ဖြစ်သည်။ ဓာတ်အားပို့လွှတ်မှုကို ညနေ ၆နာရီတွင် ပုံမှန်အတိုင်း ပြန်လည်ပို့လွှတ်မည်ဖြစ်သည်။

ရန်ကုန်မြို့တော်မှ ကျန်မြို့နယ်များအားလုံးသို့ သာကေတ၊ ရွာမ၊ အလုံ ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားစနစ်မှ ဓာတ်အားဖြင့် ပုံမှန်အတိုင်း ဓာတ်အားဆက်လက် ဖြန့်ဖြူးပေးထားမည်ဖြစ်သည်။

(သတင်းစဉ်)

✪ စာမျက်နှာ ၁၀ မှ

ပါမောက္ခ/ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကများ၊ နည်းပြများအား လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အဆင့်မြင့်ပညာရေးမှ ဆရာ၊ ဆရာမများ၏ အရေးပါသည့် အခန်းကဏ္ဍများကို ရှင်းလင်းပြောကြားနှုတ်ဆက်အားပေးပြီး ဆရာ၊ ဆရာမများကိုယ်စား ကျောင်းအုပ်ကြီး ဦးခင်မောင်တင်အား ပံ့ပိုးထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ဗန်းမော် ဒီဂရီကောလိပ် သုံးထပ်ပင်မဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် ရဟတ်ယာဉ်များဖြင့် ဗန်းမော်မြို့မှ ရွှေကူမြို့သို့ ရောက်ရှိကြရာ ဒေသခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးဝင်းကြွေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

တွေ့ဆုံမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ဒေသခံတပ်ရင်း မြဝတီခန်းမ၌ တပ်ရင်းမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ရွှေကူမြို့နယ် စီသောင်ကျေးရွာအနီး တည်ဆောက်မည့် ပေါင်းနက်ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိကြရာရေးဦးစီးဌာန ကချင်ပြည်နယ် ညွှန်ကြားရေးမှူး ဦးခင်မောင်တင့်က ပေါင်းနက်ရေလှောင်တမံ တည်ဆောက်မည့် မြေနေရာ၊ အကြိုအင်ဂျင်နီယာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက လိုအပ်သည်များကို မှာကြားသည်။

ပေါင်းနက် ရေလှောင်တမံ တည်ဆောက်ပြီးစီးပါက စိုက်ပျိုးမြေဧက ၅၀၀၀ကို အောင်ရေပေးနိုင်မည်ဖြစ်ပြီး နွေစပါးဧက ၁၀၀၀နှင့် အခြားသီးနှံဧက ၁၀၀၀ကို အကျိုးပြုသွားမည်ဖြစ်သည်။

မြို့မိမြို့ဖများနှင့်တွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ဩဂုတ် ၅ရက် နံနက်ပိုင်းတွင် ရွှေကူမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဂုဏ်ရည်ခန်းမ၌ ရွှေကူမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ကချင်ပြည်နယ်အတွင်းလှည့်လည် ရောက်ရှိလာသည့် ခရီးစဉ်၏ ရည်ရွယ်ချက်များ၊ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ဆိုင်ရာများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ဒေသတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရွှေကူမြို့နယ် အခြေခံပညာကျောင်းများမှကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်များကို မြို့နယ် ပညာရေးမှူး ဦးအုန်းငွေအား ပေးအပ်သည်။

လိုက်လံနှုတ်ဆက်

ဆက်လက်၍ အတွင်းရေးမှူး(၂) သည်မြို့နယ်အမျိုးသမီးရေးရာလုပ်ငန်းကော်မတီအတွက် မတည်ထောက်ပံ့ငွေများကို တွဲဖက်အတွင်းရေးမှူး ဒေါ်လဲ့လဲ့ဝင်းအားလည်းကောင်း၊မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် မတည်ထောက်ပံ့ငွေများကို မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းရွှေအားလည်းကောင်း ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အခမ်းအနား အပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး သွားနှင့်ခံတွင်း ပြင်ပလူနာဌာနနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား နှုတ်ဆက်အားပေးသည်။

ဆေးပဒေသာပင်ပေးအပ်

ဆက်လက်၍ ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၅သိန်းကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ တင်မောင်ကိုအား ပေးအပ်သည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဩဂုတ် ၄ရက်ညပိုင်းတွင် ဗန်းမော်မြို့ ဗန်းမော်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ဗန်းမော်ခရိုင်နှင့် မိုးမောက်၊ လွယ်ဂျယ်တို့မှ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ ဗန်းမော်မြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားပြီး ခရိုင်ပြန်/ဆက်ရုံးကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ မြဦးသည် ဩဂုတ် ၄ရက် ညနေပိုင်းတွင် ဗန်းမော်မြို့ ခရိုင်ပြည်သူ့ဆေးရုံကို သွားရောက်ပြီး ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသဆောင်နှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ လူနာများအား နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဗန်းမော်မြို့ သူနာပြုသင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဗန်းမော်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ခရိုင်နှင့် မြို့နယ်တို့မှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ဩဂုတ် ၈ရက်က နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီးတို့ စင်ကာပူသမ္မတ နိုင်ငံ၏ (၃၈) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက် လာရာ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတ နိုင်ငံသံအမတ်ကြီး H. E. Mr. Simon Tensing De Cruz နှင့် ဇနီးတို့က ကြိုဆို နှုတ်ဆက်စဉ်။(သတင်းစဉ်)

စင်ကာပူသမ္မတနိုင်ငံ အမျိုးသားနေ့ ဝန်ကြီးဦးဝင်းအောင် သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၉

၂၀၀၃ ခုနှစ် ဩဂုတ် ၉ရက်တွင်ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်ထံမှ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ပရော်ဖက်ဆာအက်စ်ဂျာယာကူးမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)



ရန်ကုန်မြို့ပြည်လမ်းရှိ အမျိုးသားပြတိုက်ဘက်စုံခန်းမ၌ ဩဂုတ် ၉ရက်မှစ၍ နှစ်ပတ်ကြာဖွင့်လှစ်ပြသမည့် မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲတွင် ပါဝင်ပြသမည့် ခိုလုံ(လီရော)ကြိုးသုံးချောင်းတပ် တူရိယာဖြစ်သည်။ အသံအိမ်ကို မြွေအရေခွံဖြင့်ပြုလုပ်ထားသော သုံးကြိုးတပ်တူရိယာဖြစ်သည်။ ရိုးရာပွဲတော်များ၊ လူပျို၊ အပျို လှည့်လည်ရာတွင်တီးခတ်သည်။ (သတင်းစဉ်)

ဓာတ်ပုံပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်

ရန်ကုန် ဩဂုတ် ၈

ဂျပန်နိုင်ငံ JICA International Co-Operation က ပြုလုပ်မည့် (၂၄)ကြိမ်မြောက် ဓာတ်ပုံပြိုင်ပွဲတွင် ဂျပန်နိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်သူများ၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ International Co-Operation Award ကဏ္ဍနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်သူများ၏ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုရုပ်ပုံများကို ဖော်ပြထားသည့် ဓာတ်ပုံအမျိုးအစား General Award ကဏ္ဍဟူ၍ ကဏ္ဍနှစ်ရပ်၌ ဓာတ်ပုံပညာရှင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မြန်မာနိုင်ငံဓာတ်ပုံအသင်း (၂၇/၂၉)(၃၅) လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၃၇၃၁၆၇ သို့ ဩဂုတ် ၁၀ရက် ညနေ ၄နာရီ နောက်ဆုံးထားပေးပို့ကြရန်ဖြစ်သည်။ (သတင်းစဉ်)

အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စု လီမိတက် (National Development Co., Group Ltd.)

အစုရှယ်ယာများ စတင်ရောင်းချခြင်း နှင့် အစုပေါ်အမြတ်ခွေ ထုတ်ပေးခြင်း

National Development Co., Group Ltd.(NDCG) အများပိုင် ကုမ္ပဏီကြီးသည် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ နှင့် အများပြည်သူများပါဝင်ဖွဲ့စည်းထားသော အများပိုင်ကုမ္ပဏီကြီး တစ်ခုဖြစ်ပြီး ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ ဖြန့်ဖြူးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းများ၊စက်မှုဆိုင်ရာစက်ရုံလုပ်ငန်းများ နှင့် အိမ်ရာဖွံ့ဖြိုးတိုး တက်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အများပိုင်ကုမ္ပဏီဖြစ်သည့်အားလျော်စွာ အများပြည်သူများအနေဖြင့် (NDCG) သို့ပါဝင်ခွင့်ရရှိနိုင်ရန် သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၆ ၊ ၁၂ ၊ ၁၃)အရအစုရှယ်ယာတစ်စုလျှင်မူလအစုတန်ဖိုး (၁၀၀၀၀ိ/-) နှင့် ပရီမီယံ(၄၀၀၀ိ/-)အပါအဝင် ကျပ်(၁၄၀၀၀)နှုန်းဖြင့် (၃၀.၈.၂၀၀၃)နေ့အထိ အများပြည်သူများသို့ရောင်းချပေးနေပြီဖြစ်ကြောင်း နှင့် အစုပေါ်အမြတ်ငွေများကိုလည်း သတ်မှတ်ရက်အတိုင်းလာရောက် ထုတ်ယူကြပါရန် အသိပေးကြေညာအပ်ပါသည်။

စုံစမ်းလိုသူများနိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း နှင့် အတုမိတ္တူတစ်စောင် ၊ ဓါတ်ပုံ ၂ပုံယူဆောင်လာပါရန်

အမှတ်(၃/က)သံသုမာလမ်းနှင့် သုဝဏ္ဏလမ်းဆုံ၊သဃ်န်းကျွန်းမြို့နယ် -၅၆၀၄၅၀ ၅၆၀၄၈၆ ဓါရိုက်တာများအဖွဲ့ (NDCG)

အနာကြီးရောဂါ ကင်းဝေးရေး ရည်မှန်းချက်အောင်မြင် ကျေးလက်ဒေသထိ ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့

သတင်းဆောင်းပါး–ဌေးကြည်
ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၈

ယမန်နေ့မှအဆက်

ဆက်လက်ပြီး မိမိတို့ ကြေးမုံသတင်းအဖွဲ့သည် မကွေးမြို့ ကံပြားကျေးရွာ ကျေးလက် ကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်သန်းသန်းနှင်းကိုလည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ဆရာမဒေါ်သန်းသန်းနှင်းက "ကျွန်မအနေနှင့် ကံပြားကျေးရွာ ကျန်းမာရေးဌာနမှာ ၁၉၉၉ ခုနှစ်က စတင်ပြီး တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ တာဝန်ကျတဲ့ အချိန်ကစပြီး ကျွန်မတို့ ကျန်းမာရေးဌာနက ဆရာမတွေနှင့် သားဖွားဆရာမတွေ ပူးပေါင်းပြီးတော့ အနာကြီးရောဂါကင်းဝေးရေးကို ဆောင်ရွက်ခဲ့ကြပါတယ်။ သားဖွားဆရာမတွေက လူနာကို အဓိကရှာပေးကြပါတယ်။ သူတို့ရှာဖွေတွေ့ရှိထားတဲ့ လူနာတွေကို ကျွန်မတို့က ဟုတ်၊ မဟုတ် ထပ်မံသွားရောက်ကြည့်ရှုပေးရပါတယ်။ သားဖွားဆရာမတွေမှာ အခက်အခဲရှိလျှင်လည်း ကျွန်မတို့က လိုက်လံ အကူအညီပေးရပါတယ်။ အနာကြီးရောဂါနှင့် ပတ်သက်ပြီး ကျန်းမာရေးပညာပေးဟောပြောပွဲတွေ လုပ်တဲ့အခါမှာလည်း သားဖွားဆရာမတွေက ကျေးရွာကလူတွေကို စုဆောင်းပေးပြီး ကျွန်မတို့က လိုက်လံဟောပြောရပါတယ်။ နောက်ပြီး သားဖွားဆရာမတွေ မီးဖွားခွင့်လို ခွင့်ရက်ရှည်ယူထားတဲ့ အခါကျတော့ ကျွန်မတို့ ကိုယ်တိုင်ပဲ ကျေးရွာတွေကို အရောက်ဆင်းပြီး ဆေးသောက်သုံးမှု လွတ်မသွားအောင် လိုက်လံတိုက်ကျွေးရပါတယ်။ ကျွန်မအနေနှင့် ကျေးရွာ ၂၄ ရွာကို တာဝန်ယူထားရတဲ့အတွက် တစ်ပတ်ကိုတစ်ခါသာ ကျေးရွာတွေကို ကိုယ်တိုင် သွားရောက်နိုင်ပါတယ်။ ကျွန်မတို့အနေနှင့် ကျေးရွာ ဆေးပေးခန်းကိုလည်း တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး ဖွင့်ရပါသေးတယ်။ ကျွန်မတို့ ကျေးရွာတွေကိုဆင်းတဲ့အခါ သားဖွားဆရာမတွေအနေနဲ့ ကျေးရွာမှာရှိတဲ့လူနာတွေကို ဆေးတိုက်ပြီး–မပြီး၊ လူနာနှင့် ကျွန်မတို့ဆရာမလေးတွေ အဆင်ပြေမှု ရှိ၊ မရှိ လေ့လာစစ်ဆေးရပါတယ်။ ရွာအနီးအဝေးကိုလိုက်ပြီး ခြေကျင်သွားတဲ့အခါ သွား၊ စက်ဘီးနှင့်သွားတဲ့အခါ သွား၊ ကားနှင့်သွားတဲ့အခါ သွားရပါတယ်။ အခုလို တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြလို့ အခုလို အနာကြီး ရောဂါကင်းဝေးရေး ရည်မှန်းချက်ကို အောင်မြင်ခဲ့တာဖြစ်ပါတယ်" ဟု ရှင်းပြသည်။

"ကျွန်တော် ဒီရောဂါနှင့်ပဲ အသေခံမယ်၊ ဘယ်ဆရာဝန်နှင့်မှ မပြနိုင်ဘူး"ဟု ငြင်းဆန်နေသည့် လူနာအား ဆရာဝန်များထံ အရောက်ခေါ်သွားနိုင်သဖြင့် ယခုထက်တိုင် ဝမ်းသာမဆုံး ဖြစ်နေသည့် သထုံမြို့ မြို့မကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်ခင်အုန်းမြင့်။
[ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)]

အနာကြီး ရောဂါသည်များအား ကိုယ်တိုင်လိုက်လံရှာဖွေပြီး ဆေးဝါးများကို ကိုယ်တိုင် လိုက်လံတိုက်ကျွေးရသည့် ကံပြားကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၊ ညောင်ပင်ကျေးရွာ ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ ဒေါ်နုနုရီကမူ "ကျွန်မတို့အနေနှင့် အခုလို အနာကြီးရောဂါ ကင်းဝေးရေး အောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့အတွက် တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် အဆင့်ဆင့် သင်တန်းတွေပေးခဲ့ပါတယ်။ သင်တန်းတွေ တက်ရောက်ပြီးတော့မှ လူနာရှာတာတို့၊ ဆေးတိုက်ကျွေးတာတို့ကို လုပ်ရပါတယ်။ လူနာ ရှာရာမှာလည်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်တွေအပါအဝင် ကြက်ခြေနီနှင့် ကျေးရွာမှ တာဝန်ရှိအဖွဲ့အစည်းတွေရဲ့ အကူအညီကို ယူရပါတယ်။ ကျေးရွာလူကြီးတွေကိုယ်တိုင်ခေါ်ဆောင်ပေးတာတွေလည်း ရှိပါတယ်။ တချို့လူနာတွေကတော့လူသိမခံလိုတဲ့အတွက် လူစုလူဝေးနှင့် ပြုလုပ်တဲ့ အခမ်းအနားတွေကို မလာလိုပါဘူး။ ဒီအခါမှာ သူတို့ရှိတဲ့ နေရာအထိ ကျွန်မတို့ ကိုယ်တိုင် သွားရောက် တွေ့ဆုံပြီး စည်းရုံးယူရပါတယ်။ ကျွန်မတို့ဘက်က ကတိဝန်ခံချက်တွေ ပေးရတာကတော့ သူတို့မှာ အနာကြီးရောဂါရှိတယ်ဆိုတာ ဘယ်သူ့မှ မပြောရဘူး၊ ဘယ်သူ့မှ အသိမပေးပါဘူး၊ သူတို့ ဆေးသောက်နိုင်မယ့်အချိန်ကို ကိုယ်တိုင်လာရောက်တိုက်ကျွေးပါမယ်ဆိုတာတွေပါပဲ။

ကျွန်မရဲ့ အတွေ့အကြုံအရ ပြောရမယ်ဆိုရင် ကျွန်မက ရွာငါးရွာမှာ တာဝန်ကျပါတယ်။ အဲဒီရွာတွေမှာ လူကြီးက ခေါ်ပေမယ့် အကြောင်းအမျိုးမျိုးပြပြီး ရှောင်နေသူတွေ ရှိသလို တချို့လူနာတွေကတော့ သူတို့မှာ ဒီရောဂါ ဖြစ်လို့ဖြစ်မှန်း မသိသူတွေလည်း တွေ့ရပါတယ်။ ကျွန်မရဲ့လူနာထဲမှာ လူနာတစ်ယောက်ဆိုရင် သူ့အလုပ်က တောထဲမှာပဲ လုပ်ရတဲ့အလုပ်ဖြစ်ပါတယ်။ ကျွန်မတို့ ဟောပြောပွဲတွေဆိုလျှင်လည်း သူမသိပါဘူး။ ဒါပေမယ့် ကျေးရွာမှာရှိတဲ့ ကျန်းမာရေးလုပ်သားတို့၊ အရန်သားဖွားဆရာမ တို့က တစ်ဆင့် သူ့သတင်းကို ရရှိပါတယ်။

ဒါကြောင့် သူအလုပ်လုပ်တဲ့တောထဲကို ကျွန်မတို့ လိုက်သွားတော့ အဲဒီလူဟာ မျက်စိတစ်ဖက်တောင် မှိတ်လို့မရဖြစ်နေတာ တွေ့ရပါတယ်။ ဒါပေမယ့် သူကတော့ သူ့ကိုယ်သူ အနာကြီးရောဂါ ဖြစ်မှန်းမသိပါဘူး။ သူ့ဆီမှာတွေ့တဲ့အကွက်တွေဟာအပူဒဏ်ကြောင့် ဖြစ်တာပဲလို့ ထင်နေတာတွေ့ရတယ်။ ဒါကြောင့် ကျွန်မတို့က စည်းရုံးပြီး ဆေးကျွေးရပါတယ်။ ဆေးကို မှန်မှန်သောက်ဖို့၊ သူနဲ့ အတူနေသူများကိုလည်း သူ့ကိုဆေးသောက်ချိန် သတိပေးဖို့မှာကြားပြီး ဆေးကတ်ကိုတော့ ပေးထားခဲ့ရပါတယ်။ ကျွန်မအနေနဲ့ကလည်းသားဖွားကိစ္စ၊ ကာကွယ်ဆေး

အနာကြီးရောဂါဝေဒနာရှင်ရှိရာ တောထဲရှိ လုပ်ငန်းခွင်သို့ ကိုယ်တိုင် သွားရောက်ကာ ဆေးများ တိုက်ကျွေးခဲ့ရသည့် ညောင်ပင်ကျေးရွာ ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမဒေါ်နုနုရီ။
[ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)]

တိုက်တဲ့ကိစ္စ စသည်ဖြင့် ကျေးရွာဆင်းတိုင်းဆင်းတိုင်း သူ့ကို အတတ်နိုင်ဆုံး သွားရောက်ကြည့်ရှုခဲ့ပါတယ်။ အခုတော့ လုံးလုံးပျောက်ပြီး အသားတွေကလည်း ချောသွားပြီဖြစ်လို့ ဆေးထပ်ပေးဖို့ ပြောပါတယ်။ ဆေးပတ် ပြည့်သွားပြီဖြစ်လို့ ထပ်စားဖို့မလိုတော့ဘူးလို့ သူ့ကို ပြောရပါတယ်။

ကျွန်မတို့အနေနဲ့ အဲဒီလိုလူနာမျိုးကို ဆေးထပ်ကျွေးဖို့ မလိုပေမယ့် နှစ်နှစ်၊ သုံးနှစ်ထိ စောင့်ကြည့်ရပါသေးတယ်။ လူနာကိုသာမကပါဘူး။ လူနာနှင့်အတူနေသူများကိုလည်း ကျွန်မတို့အနေနှင့် ခြောက်လတစ်ကြိမ်သွားရောက်စစ်ဆေးကြရပါတယ်။ ကျွန်မ မကွေးတိုင်းကို ရောက်တုန်းက ကျွန်မတာဝန်ကျတဲ့ ရွာတွေမှာ လူနာ ရှစ်ယောက်လောက် ရှိခဲ့ပေမယ့် အခုတော့ တစ်ယောက်မှ မရှိတော့ပါဘူး။ ဒါပေမယ့် ကျွန်မတို့ အနေနဲ့ကတော့လူနာကိုအခုထိရှာလျက်ပဲရှိပါတယ်"ဟု ပြောကြားခဲ့သည်။

ကြေးမုံသတင်းအဖွဲ့သည် ထိုသို့ မကွေးတိုင်းမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းနေစဉ် ဒေါက်တာကျော်ညွန့်စိန်က ကျွန်တော်တို့အဖွဲ့ကို သထုံ မြို့မကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်ခင်အုန်းမြင့်နှင့် မိတ်ဆက်ပေးခဲ့ပါသည်။ ထို့ကြောင့် ဆရာမ ဒေါ်ခင်အုန်းမြင့်ကိုလည်း သူ၏အတွေ့အကြုံကို မေးမြန်းခွင့်ရရှိခဲ့ပါသည်။

"ကျွန်မအနေနှင့် သထုံမြို့နယ်မှာ ၁၉၉၅ ခုနှစ်က အနာကြီးရောဂါသည် တစ်ယောက်ကို ခက်ခက်ခဲခဲ ရှာဖွေခဲ့ရတာကို ပြောပြလိုပါတယ်။ လူနာ

ခြေကျင်တစ်တန်၊ စက်ဘီးနှင့်တစ်ဖုံ၊ ကားဖြင့် တစ်သွယ် လူနာများထံသွားရောက်စစ်ဆေးရသော မကွေးမြို့ ကံပြားကျေးရွာ ကျေးလက် ကျန်းမာရေးဌာနမှ ဆရာမဒေါ်သန်းသန်းနှင်း။
[ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)]

ရှိနေတယ်ဆိုတဲ့ သတင်းကို ရရှိထားပေမယ့် ကျွန်မအနေနှင့် လူနာကို တစ်ခါမျှ မတွေ့ခဲ့ရပါဘူး။ လူနာကလည်း အမြဲတစေ ကွင်းထဲ ဆင်းနေတတ်လို့ သူ့ကိုတွေ့ဖို့ မလွယ်ဖြစ်နေပါတယ်။ တစ်ခါတစ်ရံ ကျွန်မက သူရှိတယ်ဆိုတဲ့သတင်းကြားလို့ သူ့ကို တွေ့ဖို့သွားလျှင် ကျွန်မ အိမ်ရှေ့က ဝင်လျှင် သူကနောက်ဖေးကထွက်သွားပြီး နောက်ဖေးက ဝင်လျှင်လည်း အိမ်ရှေ့ကနေ ထွက်သွားတော့တာပါပဲ။ ဘယ်တော့မှ အတွေ့မခံပါဘူး။ ကျွန်မတို့မြို့နယ်မှာ ရန်ကုန်က ဆရာကျော်ညွန့်စိန်တို့ လာရောက်ကြပြီး MDT ဆေးလာ တိုက်တဲ့ တစ်နေ့မှာတော့ ကျွန်မအနေနှင့် အဲဒီလူများကို တွေ့လိုတွေ့ငြား သူ့အိမ်ကို သွားခဲ့ပါတယ်။

အဲဒီနေ့က သူကလည်း နေမကောင်းဖြစ်နေလို့ သူ့အိမ် မီးဖိုထဲမှာ ရေနွေးကျိုနေတဲ့အချိန် ကျွန်မနှင့် ပက်ပင်းတိုးတော့တာပါပဲ။ ကျွန်မကလည်း ရန်ကုန်ကဆရာဝန်ကြီးများ ရောက်နေကြပြီး ဒီရောဂါကို လာရောက်ကုသပေးနေကြောင်း၊ ဒါကြောင့်မို့ ကျွန်မနှင့်အတူ ဆရာဝန်ကြီးများကို သူ့ရောဂါလိုက်ပြဖို့ တောင်းပန်ရပါတယ်။ ဒါပေမယ့် သူက "ကျွန်တော် ဒီရောဂါနှင့်ပဲ အသေခံမယ်၊ ဘယ်ဆရာဝန်နှင့်မှ မပြနိုင်ဘူး"လို့ အတင်းငြင်းတော့တာပါပဲ။ သူ့မိဘ တွေကလည်း ယခင်က ဘယ်ဆရာမတွေမှ ခေါ်လို့မရတဲ့အတွက် ကျွန်မကိုလည်း ပြန်ဖို့ပြောကြပါတယ်။ ကျွန်မကလည်း သူလိုက်မပြရင် ကျွန်မ ဒီအိမ်ကမပြန်ဘဲ ဒီမီးဖိုချောင်ထဲမှာပဲ ထိုင်နေတော့မယ်လို့ပြောပြီး အဲဒီမှာပဲ ထိုင်နေလိုက်တော့တယ်။ သူကလည်း ကျွန်မကို ပြန်ဖို့ အတင်းတိုက်တွန်း၊ ကျွန်မကလည်း သူ့ကိုလိုက်ဖို့ အထပ်ထပ်ပြောပြီး မပြန်ဘဲထိုင်နေတော့ အချိန်လည်းကြာလာရော၊ သူဘယ်လိုဖြစ်သွားတယ် မသိဘူး၊ ငိုတော့တာပါပဲ။ နောက်ပြီး သူအခုလိုက်ပြရင် သူ့ကို အရပ်ကနေ မောင်းထုတ်မှာလားဆိုပြီး မေးတယ်။ နောက်ပိုင်း သူ့မိဘတွေနှင့် ဆွေးနွေးကြည့်တော့လည်း အဲဒီအယူအဆဟာ သူ့မိဘတွေဆီမှာလည်း ရှိနေတာတွေ့ရတယ်။ သူတို့ကို အရပ်ထဲကနေ မောင်းထုတ်မှာ စိုးရိမ်နေကြပါတယ်။ ကျွန်မကလည်း သူ့ကို အရပ်ထဲက မောင်းမထုတ်ပါဘူးလို့ အထပ်ထပ် အာမခံတဲ့အတွက် နောက်ဆုံး သူ လိုက်ပြပါတယ်။

ဆရာဝန်တွေ၊ ဆရာမတွေနှင့် တွေ့တော့လည်း ဆရာဝန်၊ ဆရာမတွေက သူ့ကို ညီအစ်ကို မောင်နှမလို ရင်းရင်း နှီးနှီးနှင့် သူ့ရောဂါအခြေအနေကိုမေး၊ သူ့ရောဂါကို သေသေချာချာ စမ်းသပ်ပေးလိုက်တော့ သူက ဆရာဝန်နှင့် ဆရာမတွေအပေါ် တော်တော်ယုံကြည်စိတ်ချသွားတာကို ကျွန်မမြင်ရတယ်။ အဲဒီလို စမ်းသပ်ပြီး သူ့ကို ပြန်လွှတ်လိုက်တယ်။ ပြန်လွှတ်လိုက်ပေမယ့် ကျွန်မစိတ်ကတော့ တထင့်ထင့်ပဲ၊ အိမ်မှတန်းပြန်ပါ့မလား၊ တစ်နေရာရာကိုပဲ ထွက်သွားမလား။ ညနေပိုင်း သူ့အိမ်ကို လိုက်ကြည့်တော့ သူပြန်ရောက်နေတာတွေ့ရတယ်။

ပြသထား

မြန်မာနိုင်ငံ အနာကြီးရောဂါ ကင်းဝေးရေးအတွက် ပြည်နယ်နှင့် တိုင်း အသီးသီးတွင် လှုပ်ရှားဆောင်ရွက်ခဲ့မှုများကို ဓာတ်ပုံများဖြင့် ပြသထားစဉ်။
[ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)]

ကျွန်မရောက်သွားတော့ သူ တော်တော်ပျော်နေတာကို တွေ့ရတယ်။ "ကျွန်တော့်ရောဂါ ဒီတစ်ခါ ပျောက်ပြီနှင့်တူတယ်။ ဆရာဝန်၊ ဆရာမတွေကလည်း အရမ်းသဘောကောင်းတာပဲ"လို့ ကျွန်မကို ဆီးပြောတယ်။

ဒါနဲ့ အဲဒီလူနာဟာ ဆေးကို ဆက်စားသွားတာ အခုဆိုလျှင် လူကောင်းတစ်ယောက် ဖြစ်သွားပါပြီ။ ကျွန်မ အနေနှင့်လည်း အဲဒီလူနာကို ကုသပေးခွင့်ရလိုက်တာဟာ အခြားအနာကြီးရောဂါသည်တွေကို ပင်ပင်ပန်းပန်း လိုက်လံမစည်းရုံးရတော့ဘဲ ရောဂါရှိသူတွေဟာ သူတို့ဘာသာသူတို့ ကျွန်မတို့ဆီလာပြီး ရောဂါပြကြတော့တာပဲ။ အဲဒီ အတွေ့အကြုံကလေးကို ကျွန်မတစ်သက် မေ့နိုင်မှာမဟုတ်တော့ပါဘူး"ဟု ကြေးမုံသို့ ပြောပြသည်။ ဆရာမ ဒေါ်ခင်အုန်းမြင့်မှာ သူ့အတွေ့အကြုံကို ကြေးမုံသို့ ပြောပြနေရင်း ဝမ်းသာပီတိကြောင့်လားမသိ၊ ဆရာမ၏ မျက်နှာပေါ်ဝယ် မျက်ရည်များ စီးကျနေသည်ကို တွေ့မြင်ခဲ့ရသည်။

မိမိတို့သတင်းအဖွဲ့သည် ဆရာမ ဒေါ်ခင်အုန်းမြင့်ကိုကြည့်ရင်း ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၏ မိန့်ခွန်းထဲမှ လူနာကို ကြိုးစားရှာဖွေပေးကြသည့် သားဖွားဆရာမကလေးများအား အနီရောင်ဝတ် နတ်မိမယ် (Red Angel) ဟု တင်စားပြောဆိုခဲ့သည့် စကားသံကို ပြန်လည်ကြားယောင်မိရင်း အစည်းအဝေးခန်းမကြီးထဲမှ ထွက်ခဲ့ကြပါတော့သည်။ ။ **(ကြေးမုံ)**

"နှစ်ယောက်မရှိဘူး" ဇာတ်ကားသစ် ယခုအပတ်ရုံတင် ဆုထူးပန်း၊ ရွှေဂုံနှင့် မြို့မရုံများတွင် အိန္ဒိယကားများပြသ

ရန်ကုန် ဩဂုတ် ၈

ယခုသောကြာပတ်တွင် လင်းရုပ်ရှင်ထုတ်လုပ်ရေးမှ **နှစ်ယောက်မရှိဘူး**ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် တင်ဆက်ပြသလာသည်။

— ပါဝင်သရုပ်ဆောင် —

စာရေးဆရာမ ပုဏ္ဏမီ၏ ဝတ္ထုကို အိအိခိုင်ဇာတ်ညွှန်းရေး၍ ဒါရိုက်တာအဖြစ် ရိုက်ကူးသည်။ ထိုဇာတ်ကားတွင် လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ မျိုးစန္ဒီကျော်၊ ထွန်းထွန်းနိုင်၊ အောင်လွင်၊ ဇော်ဦးနှင့် ရှုမဝစမ်းစမ်းအေးတို့ ပါဝင်သရုပ်ဆောင်ကြသည်။

— အချစ်ဇာတ်မြူး —

တက္ကသိုလ်မှ ဘွဲ့ရပြီး အပျိုကြီး၊ လူပျိုကြီးနှစ်ဦးကို ဇာတ်အိမ်ဖွဲ့ထားသော အိမ်ထောင်ရေး ပညာပေး အချစ်ဇာတ်မြူးဇာတ်ကား ဖြစ်သည်ဟု ဆိုသည်။

ဆက်လက်၍ ရန်အောင်၊ ဒွေး၊ နန္ဒာလှိုင်တို့ပါဝင်သော **အချစ်နှင့် သူ၏ ဂုဏ်သိက္ခာ** ဇာတ်ကားမှာ ရွှေ့ဆောင်၊ နေပြည်တော်ရုံများတွင် ပြသနေသည်။

ဒါရိုက်တာမောင်တင်ဦး၏ "နေကမွှေးတဲ့လ" ဇာတ်ကားမှ ကျော်ဟိန်း၏ သရုပ်ဆောင်ဟန်။

နှစ်ယောက်မရှိဘူး

ဒါရိုက်တာ အိအိခိုင်၏ "နှစ်ယောက်မရှိဘူး"ဇာတ်ကားမှ လွင်မိုးနှင့် ထွန်းအိန္ဒြာဗို။

နေကမွှေးတဲ့လ ရုံတင်ရန်စီစဉ်နေ

ရန်ကုန် ဩဂုတ် ၈

မြန်မာ့ရိုးရာ အနုပညာ၏ အနှစ်သာရကို ဖော်ကျူးတင်ပြထားသော မေတ္တာရောင်ပြန် ရုပ်ရှင်မှ ဒါရိုက်တာမောင်တင်ဦးရိုက်ကူး၍ ကျော်ဟိန်း၊ မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်းတို့ပါဝင်သည့် နေကမွှေးတဲ့လ ဇာတ်ကားမှာ ဆင်ဆာခွင့်ပြုချက်ရရှိ၍ ရုံတင်ပြသရန် စီစဉ်နေသည်။ (ကြေးမုံ)

— အိန္ဒိယအချစ်ဇာတ်ကား —

ယခုသောကြာပတ်တွင် အိန္ဒိယအချစ်ဇာတ်ကားအဖြစ် YAADEIN အမည်ရှိဇာတ်ကား ဆုထူးပန်းရုံတွင် ပြသနေသည်။ အနောက်တိုင်းဆန်သော မိသားစုအတွင်း အချစ်ရေးအခက်အခဲဖြေရှင်းပုံကို ဟာသစ်ရှိဆန်၊ ကရီနာကပူးနှင့် ဂျက်ကီးရှရော့ဖ်တို့ သရုပ်ဆောင်ကပြသွားကြသည်။

အချစ်နှင့် သူ၏ ဂုဏ်သိက္ခာ

ဆက်လက်ပြသဆဲ "အချစ်နှင့် သူ၏ဂုဏ်သိက္ခာ" ဇာတ်ကားမှ ဒွေး၊ နန္ဒာလှိုင်နှင့် ခင်လှိုင်။

ထို့ပြင် DAAG အမည်ရှိ အိန္ဒိယ အချစ်မေတ္တာဘွဲ့ ဇာတ်ကား ရွှေဂုံရုံ တွင်ပြသသည်။ မြန်မာပရိသတ်အကြိုက် တေးဂီတသီချင်းများနှင့် အပစ်အခတ်၊ အထိုးအကြိတ် ဇာတ်ကွက်များပါဝင်သည်။

မြို့မရုံတွင် အကယ်ဒမီဆုရ အိန္ဒိယဇာတ်ကားသစ်ဖြစ်သည့် VILLAN အမည်ရှိဇာတ်ကား ရုံတင်ပြသနေသည်။ မင်းသား အဂျစ်ကူမာ၊ မင်းသမီး မီနာနှင့် ကီးရန်တို့ အချစ်ဇာတ်လမ်းကို ရသစုံဖော်ကျူးထားသည့် ဇာတ်ကားဖြစ်သည်။

— ပြိုင်ဘက်မရှိ—

ပြသဆဲဇာတ်ကားဖြစ်သည့် ဒွေးနှင့်ထွန်းအိန္ဒြာဗိုတို့ ပါဝင်သော **ပြိုင်ဘက်မရှိ** ဇာတ်ကား နဝဒေး၊ ဝဇီရာ၊ လှိုင်သာယာနှင့် ရွှေပြည်သာရုံများတွင် ပြသနေသည်။

လွင်မိုးနှင့် ထက်ထက်မိုးဦးတို့ ပါဝင်သရုပ်ဆောင်သည့် **ကံကောင်းခြင်းလက်ဆောင်**ဇာတ်ကား ဝဇီရာ၊ ရွှေမန်းနှင့် သီတာရုံများတွင် ပြသနေဆဲဖြစ်သည်။

(ကြေးမုံ)



ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုခဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
ရန်ကုန်တိုင်းတရားရုံး၌
၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ် -၃၅၁

ဒေါ်တင်လှ(ခ)ပုံ့ပုံ့ နန္ဒဝန်ရပ်ကွက်၊ နယ်မြေ(၁) မေတ္တာလမ်းနှင့် သမစိတ္တလမ်းထောင့်၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်း။ **တရားလို**

နှင့် ဦးဘဲလူး(ခ)ဦးစိန်ဝင်း အမှတ်(၂၆၈)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။ **တရားပြိုင်**

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၂၆၈)နေ ဦးဘဲလူး(ခ)ဦးစိန်ဝင်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုက အခန်းအမှတ်(၂၆၈)အီး အခန်းနှင့်ပတ်သက်၍ အမွေထိန်းစာလက်မှတ်ရရှိပြီး နေထိုင်စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၀၃ခုနှစ် ဩဂုတ်လ ၂၅ရက်နေ့ နံနက်(၁၀)နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းများ အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၃ခုနှစ် ဇွန်လ ၂၄ရက်နေ့တွင် ဤတိုင်းတရားရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **ထင်ဇော်(တွဲဖက်တိုင်းတရားသူကြီး-၅) ရန်ကုန်တိုင်းတရားရုံး။**

ကြော်ငြာစာ
(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ -၂၉)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ခုနှစ် တရားမအထွေထွေမှုအမှတ် -၁၂၂
(အရွယ်မရောက်သေးသူမဆွေဇင်လင်းအောင်နှင့် မောင်ဇေယျာလင်းအောင်တို့၏ ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဖိုးစိန်လမ်း၊ အမှတ်(၇)တွင် နေထိုင်လျက်ရှိသော အရွယ်မရောက်သေးသည့် မဆွေဇင်လင်းအောင်နှင့် မောင်ဇေယျာလင်းအောင်တို့၏ ကိုယ်နှင့်ပစ္စည်းကိုအုပ်ထိန်းရန်ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်း၊ တွဲဖက်တိုင်းတရားသူကြီး(၁၂)ရုံး၊ ၂၀၀၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၂၂တွင် အုပ်ထိန်းသူလူကြီးအဖြစ် သက်သေခံလက်မှတ်စာရရှိထားသူ ဒေါ်မို့မို့ဆွေက အုပ်ထိန်းသူလူကြီးတို့နှင့်အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ-၂၉အရ အုပ်ထိန်းခံရသူများ၏ ပစ္စည်းဖြစ်သော ရန်ကုန်တိုင်း၊ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂(အိုင်)၊ မြေကွက်အမှတ်-၄၃၈ အေ^၆၊ ဧရိယာ မြောက်-၁၂၇'၊ ၈'၊ တောင်-၁၀၇'၊ အရှေ့-၁၂၆'၊ အနောက်-၁၂၁'ရှိ မြေပိုင်မြေကွက်နှင့် မြေကွက်တည်ရှိရာ အမှတ်-၇၊ တာမွေ(ယခု-ဖိုးစိန်လမ်း)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သောနေအိမ်နှင့် နေအိမ်၌ တွယ်ကပ်တပ်ဆင်ထားသည့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စီမံခန့်ခွဲခွင့်နှင့် ထုခွဲရောင်းချခွင့်ပြုရန် လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၀၃ခုနှစ် စက်တင်ဘာလ ၁ရက်(၁၃၆၅ခု တော်သလင်းလဆန်း ၆ရက်)နေ့တွင် ကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုအရွယ်မရောက်သေးသူ မဆွေဇင်လင်းအောင်နှင့် မောင်ဇေယျာလင်းအောင်တို့၏ ပစ္စည်းများတွင် အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆို အဆိုပါအမှုတွင် လာရောက်အမှုဆိုင်လိုပါက ချိန်းဆိုထားသော ၂၀၀၃ခုနှစ် စက်တင်ဘာလ ၁ရက်နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လာရောက်အမှုရင်ဆိုင်ရန်နှင့် ယင်းကဲ့သို့ အမှုဆိုင်ရန်ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူဒေါ်မို့မို့ဆွေ၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၃ခုနှစ် ဩဂုတ်လ ၅ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **ခင်လှမြင့် (တွဲဖက်တိုင်းတရားသူကြီး-၁၂) ရန်ကုန်တိုင်းတရားရုံး။**

စာပေထုတ်ဝေသူများနှင့် သက်ဆိုင်သူ အများသိစေရန်ကြော်ငြာ

၁။ ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၁၁)နေ ဦးအုန်းဖေ(ခ) စာရေးဆရာကြီးတက်တိုး (AC-၀၄၂၅၁၄)နှင့်ဇနီး ဒေါ်ယဉ်နု(ခ)စာရေးဆရာမကြီးနုယဉ် (AC-၀၄၂၅၂၁)တို့၏ ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ ၎င်းတို့နှစ်ဦးရေးသားထားသည့် ဘဝတစ်သက်တာ စာပေ၊ဝတ္ထု၊ အစုစုအားလုံးနှင့် ရေးသားနေဆဲ စာပေအကြောင်းအရာအားလုံး "တက်တိုးစာပေ"၊ "နုယဉ်စာပေ" လုပ်ငန်းကိစ္စရပ်များအားလုံး၊ စာပေမူပိုင်ခွင့်အားလုံးတို့ကို ၎င်းတို့နှင့်အတူနေ သမီးဒေါ်စိုးငြိမ်း [၁၂/ဒဂန(နိုင်)၀၂၀၃၃၃]နှင့် သား ဦးဒွေးအောင်[C/RGN-၀၀၆၃၄၇]တို့အား အပြီးအပိုင် လွှဲအပ် ပေးထားပြီးဖြစ်ပါသည်။

၂။ သို့ပါ၍ "တက်တိုးစာပေ"၊ "နုယဉ်စာပေ"လုပ်ငန်းကိစ္စများ၊ စာမူကိစ္စရပ်များ၊ စာပေထုတ်ဝေခွင့်ကိစ္စရပ်များ၊ စာမူငွေကြေးကိစ္စရပ်များအားလုံးကို စာရေး ဆရာကြီး တက်တိုးနှင့် စာရေးဆရာမကြီး နုယဉ်တို့၏ ကိုယ်စား သမီး ဒေါ်စိုးငြိမ်း သား ဦးဒွေးအောင်တို့နှင့်သာ ဆက်သွယ်ဆောင်ရွက်ကြပါရန် စာပေထုတ်ဝေသူများနှင့် သက်ဆိုင်သူအများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-ဦးလှမြင့် (ဒဂုံ)-စဉ်-၉၀၁၂ (ဥပဒေအကျိုးဆောင်ကြီး)
အမှတ်(၇၂)၊ ၅လွှာ၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၀၄၀၅၈။





ကွာရှင်းပြတ်စဲပြီးစီးခြင်း

မန္တလေးမြို့၊ အမှတ်(၃)၊ ၈၇လမ်း၊ ၂၈-၂၉လမ်းကြား၊ ဒေါင်းရိုးရပ်နေ ကျွန်မ ဒေါ်ကျော့ကျော့ဆွေ [၉/မနတ(နိုင်)၀၃၃၂၂၀]နှင့် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆)ရပ်ကွက်၊ ဇမ္ဗူသီရိအရှေ့(၃)လမ်း၊ အမှတ်(၄၇၀/၁)နေ ကိုမြင့်သိန်း(ခ)ကောက်ကောက် [၁၂/သကတ(ဧည့်)၀၀၀၀၀၃]တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၁၁-၇-၂၀၀၃ရက်တွင် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်တရားရုံး၊ ဒုတိယမြို့နယ်တရားသူကြီး ဦးကျော်သင်း၏ရှေ့မှောက်၌ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

ဒေါ်ကျော့ကျော့ဆွေ [၉/မနတ(နိုင်)၀၃၃၂၂၀]
B.A (Psychology)
တိုင်းရင်းဆေးဆရာမ (တ-ဆ/၀၁၆၁၄)။

ဖခင်အမည်မှန်

ဘီးလင်းမြို့နယ်၊ အထက၊ ငါးဘတ်ချောင် ဒသမတန်းမှမောင်စွမ်းထက်အောင် (ကျောင်းဝင်အမှတ်-၃၄၇၈)၏ ဖခင်အမည်မှန်မှာ ဦးကျော်ရွှေဖြစ်ပါကြောင်း။

အမည်ပြောင်းခြင်း

ဦးရန်မျိုးသိန်း - ဒေါ်သီသီဟန်တို့၏ သမီး အလက(၃) မြစ်ကြီးနားမြို့ သတ္တမတန်း(က)မှ မသော်သော်ဦးအား ယနေ့မှစ၍ မမျိုးသီရိဟန်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မမျိုးသီရိဟန်။**

အမည်ပြောင်းခြင်း

ဦးမြတ်ကျော်၏သမီးမစု မြတ်စန္ဒီ [၁၂/သလန(နိုင်)၁၀၂၀၆၀] အား မထက်မြတ်ဝေဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မထက်မြတ်ဝေ။**

အမည်ပြောင်းခြင်း

